mgyoe.com SAMPLE BOOK

ရတနာပုရအင်းဝနေပြည်တော်ကြီး ကောင်းစားစဉ်

တောင်တွင်းကြီး မြို့လုလင်၌ ပေ ၄ ပင်, ရှင် ၄ ပါးတွင်

နေမင်း၏အသွင် ထင်ရှားပေါ်လွင်

၁ ပါးဝင်သော


# ရှင်ဥတ္တမကျော် နှင့် ခုံတော်မောင်ကျပမ်း စကားဝစ်, တရားစစ်ထုံးသန်း

ကဝိသေနဂ်ဗျူဟာကျမ်း

ဦးငအောင်

တတိယအကြိမ်

mgyoe.com


SAMPLE BOOK
မြန်မာတို့ဆိုရိုး
စကားပုံအမျိုးမျိုး
ဦးပုည
မဟာရာဇသတ်ကြီး
မဟာပညာကျော်လျှောက်ထုံး
ဦးပေါ်ဦး လျှောက်ထုံး
ဦးပေါ်ဦး လျှောက်ထုံး
mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး

၄၀၀၀ ကျပ်

အုပ်ရေ

၅၀၀ အုပ်

ဒုတိယအကြိမ်

၂၀၁၃ ခုနှစ် ဇန်နဝါရီလ

မျက်နှာဖုံး

ပန်းရွှေပြည်

ထုတ်ဝေသူ

ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်မြင့်သိန်း (၀၆၃၆၄)၊
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်

ထိပ်တန်း-မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

ရတနာပုရအင်းဝနေပြည်တော်ကြီး ကောင်းစားစဉ်
တောင်တွင်းကြီး မြို့လုလင်၌ ပေ၄ပင်, ရှင်၄ပါးတွင်
နေမင်း၏အသွင် ထင်ရှားပေါ်လွင်
တစ်ပါးဝင်သော

# ရှင်ဥတ္တမကျော် နှင့် ခုံတော်မောင်ကျဖမ်း
# စကားစစ်,တရားစစ်ထိုးခန်း

## ကဝိသေနဂ်ဗျူဟာကျမ်း

ဦးအောင်

mgyoe.com

mgyoe.com

နိုင်ငံဝန် အရေးသုံးပါး
SAMPLE BOOK

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

✡ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

✡ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

✡ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

✡ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

✡ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

✡ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* ဦးအောင်၏ အင်းဝခေတ်တိမ်ပန်းချီ
  ဦးအေးချို-မဟာဝိဇ္ဇာ ၁၁
* နိဒါန်း ၃၅
* ရတနတ္တယ ပဏာမ ၃၉

ရှင်ဥတ္တမကျော်

၁- တောင်တွင်းကြီးမြို့၏အရင်းအမြစ် ပြည်တည်ဟန်ကို အကျဉ်းအမြွက်မျှ ပြဆိုဦးအံ့။ ၄၇

၂- ပေ ၄ ပင်, ရှင် ၄ ပါး ပေါ်ထွန်းလတ္တံ့သော အကြောင်း ၅၀

၃- အရှင်သီလာစာရဆရာတော် တဘောင်ကို ကောက်နုတ်မိန့်ဆိုခြင်း ၅၁

၄- လောကဓာတ် မကြုံစဖူး ထူးဆန်းအံ့သြဖွယ်ကို ပြဆိုခြင်း ၅၇

၅- ရှင် ၄ ပါးကို ဖွားမြင်သည် ပြဆိုခြင်း ၅၉

၆- ရှင်ဥတ္တမကျော်နှင့် ရှင်မဟာသီလဝံသအလောင်းတို့ ကစားရင်း စာစပ်ဟန်ကို ပြဆိုခြင်း ၆၀

၇- အရှင်သီလာစာရဆရာတော် အိပ်မက်မြင်တော်မူသည်ကို ပြဆိုခြင်း ၆၃




mgyoe.com

SAMPLE BOOK


၈– အရှင်ဥတ္တမကျော်နှင့်အရှင်မဟာသီလဝံသအလောင်းတို့ကို
ကျောင်းအပ်ခြင်း ၆၄
၉– 'အရှင်ဥတ္တမကျော်'တွင်မည့် မောင်ဥက္ကာ
စာအံရင်း စာကြေမိသည်ကို ပြဆိုခြင်း ၆၅
၁၀– အရှင်သီလာစာရဆရာတော် အိပ်မက်တော်ကို သတိရခြင်း ၆၆
၁၁– အရှင်သီလာစာရဆရာတော်၏ ဉာဏ်စမ်းသည်ကို ပြဆိုခြင်း ၆၇
၁၂– ရှင်ဥတ္တမကျော်၏လျှောက်ထားချက်ကို
ဆရာတော်,သံဃာတော်များ ဝမ်းသာချီးမွမ်းခြင်းကို ပြခြင်း ၆၉
၁၃– အရှင်ဥတ္တမ ရဟန်းဘဝသို့ ရောက်သည်ကို ပြဆိုခြင်း ၇၉

အရှင်ဥတ္တမကျော် ရဟန်းပဍ္ဍင်းအဖြစ်သို့ ရောက်ရှိမှု
ပြဆိုသော အဋ္ဌုပ္ပတ္တိကား ပြီး၏။

## ခုံတော်မောင်ကြဲဖမ်း(ခုံတော်မောင်ကျဖမ်း)

၁– ခုံတော်မောင်ကြဲဖမ်း၏ အဋ္ဌုပ္ပတ္တိကို ပြခြင်း ၈၁
၂– မောင်ကြဲဖမ်း ပညာသင်ရန် ကျောင်းအပ်ခြင်း ၈၆
၃– ကိုရှင်ကြီးနှင့် ကျောင်းသားတို့ အငြင်းကို ဖြေခြင်း ၈၇
၄– ၇ နှစ်အရွယ် သူငယ်မောင်ကြဲဖမ်း၏ ဉာဏ်ကို အံ့သြခြင်း ၈၉
၅– မောင်ကြဲဖမ်းကို 'ရှင်ကုဏ္ဍလ' ဘွဲ့မည် သခြင်း ၉၄
၆– ဆရာတော်ဘုရားက ရှင်ခေမာအား လူကဲစမ်းခြင်း ၉၅
၇– ဆရာတော်ဘုရားက ကိုရင်ကုဏ္ဍလကို လူကဲစမ်းပြန်ခြင်း ၉၇


mgyoe.com

mgyoe.com



၈- ဆရာတော်ဘုရားက ပါဠိကို အနက်ပေးရန်
ကိုရင် ၂ ပါးတို့အား မေးခြင်း ၁၀၅
၉- ရဟန်းဘဝမှ လူထွက်လိုသော 'မောင်ကြဲဖမ်း'ခေါ် ဦးကုဏ္ဍလအား
ဆရာတော်က ဂါထာဖြင့် ဆုံးမခြင်း။ ၁၀၇
၁၀- ဦးကုဏ္ဍလ သိက္ခာချ၍ လူထွက်သည်ကို ပြဆိုခြင်း ၁၀၉
၁၁- မောင်ကြဲဖမ်း လူတွင်ကျယ် စဖြစ်ပြီကို ပြခြင်း ၁၁၃
၁၂- ဝန်မင်း၏သမီးခင်မဲတူနှင့် မြို့ကြီးသားမောင်ဖြူတို့
ရှင်းကွာပုံကို လျှောက်လဲခြင်း ၁၁၃
၁၃- မောင်ကြဲဖမ်းမှ 'မောင်ကျဖမ်း' ဖြစ်လာသည်ကို ပြခြင်း ၁၁၈
၁၄- မောင်ကျဖမ်းကို ခုံတော်အဖြစ် တင်မြှောက်ခန်း ၁၂၁
၁၅- မောင်ကျဖမ်းသည် ခုံတော်အဖြစ်နှင့် အလွန်ခဲယဉ်းသောတရားကို
နတ်,လူသာဓု ခေါ်ရအောင် စီရင်ခြင်း ၁၂၃
၁၆- ခုံတော်မောင်ကျဖမ်းသည် နစ်ငုပ်နေသောတရားကို
အရင်းပေါ်အောင် စုံစမ်းဟန်ကို ပြဆိုခြင်း
- မောင်ပိုးဖြူ, မောင်ရန်နိုင်, မဖော့အူ အမှု ၁၃၅
- မိန္နောင်း, ငစံကဲ, ငမိုး အမှု ၁၄၅
ခုံတော်မောင်ကျဖမ်းသည် သမ္မတခုံအဖြစ်နှင့် တရားစီရင်ခန်း ပြီး၏။

၁၇- ခုံတော်မောင်ကျဖမ်း အင်းဝမြို့သို့တက်၍ ရှေ့နေလိုက်ရာ
နေပြည်တော်ရှေ့နေများနှင့် စကားဆိုခန်း ၁၅၈



mgyoe.com

၁၈- ခုံတော်မောင်ကျဖမ်း ဆရာတော်ကြီးများနှင့် စကားစစ်ထိုးခန်း ၁၇၇

၁၉- ခုံတော်မောင်ကျဖမ်း အရှင်မဟာရဋ္ဌသာရဆရာတော်နှင့် စကားဆိုခန်း ၁၇၈

၂၀- နေပြည်တော်ရှိ သံဃာတော်တို့က ခုံတော်မောင်ကျဖမ်းသို့ မေတ္တာကင်းဟန်ကို ပြဆိုခြင်း ၁၇၉

၂၁- ကုန်သည်ကြီးသုခကျော်ခေါင် နှင့် ဆင်မှူးဥဒိန်ကျော်သူ အမှု ၁၈၀

၂၂- ခုံတော်မောင်ကျဖမ်းကို ဘုရင်ဇကရာဇ်အမိန့်တော်နှင့် လွှတ်တော် ၅ ရပ်က ပယ်ထုတ်ခန်း ၁၈၉

၂၃- အရှင်ဥတ္တမကျော်သည် အင်းဝမြို့သို့ ကြွလာတော်မူခန်း ၁၉၁

၂၄- ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဖမ်း တရားစစ်ထိုးခန်း ၁၉၅

၂၅- ခုံတော်မောင်ကျဖမ်းက သုဓမ္မာတွင် တင်သွင်းလျှောက်ထားခန်း ၁၉၉

၂၆- ရှင်ဥတ္တမကျော်က ဆင်ခြေလဲ၍ ထုချေချက်ပေးခန်း ၂၀၆

၂၇- ခုံတော်မောင်ကျဖမ်းသည် သုဓမ္မာဆရာတော်တို့၏ ကောက်ချက်ချရာ၌ ကြက်သေ သေကာ ဖြစ်ရရှာခန်း ၂၁၉

၂၈- ခုံတော်မောင်ကျဖမ်းက ရှင်ဥတ္တမကျော်ကို တောင်းပန်၍ သပိတ်မှောက်ကံမှ ပလပ်ခန်း ၂၂၀

၂၉- အင်းဝပြည့်ရှင် ဘုရင်ဒုတိယမင်းခေါင်ကို ရှင်ဥတ္တမကျော် တရားဟောပြီး တောင်တွင်းကြီးသို့ ပြန်ကြွခန်း ၂၂၄

၃၀- ရှင်ဥတ္တမကျော်သည် တောရဆောက်တည်၍ နေခြင်းအကြောင်းနှင့် မြတ်စွာဘုရား နေပြည်တော်ဝင်စဉ် လောကဓာတ်လုံးပူဇော်ဟန် တောလားရတုကို ပြဆိုခန်း ၂၂၆




mgyoe.com

mgyoe.com
SAMPLE BOOK


၃၁- ရွှေနန်းကြော့ရှင် ဘုရင်နရပတိမင်းမြတ် အိပ်မက်မြင်၍
ရှင်ဥတ္တမကျော်ကို ပင့်ယူတော်မူခန်း ၂၅၀
၃၂- လူသာမန်တို့ သည်းခံနိုင်ခဲသော လောကဓံတရားတို့ကို
ရှင်ဥတ္တမကျော် သည်းခံတော်မူနိုင်သည်ကို ပြဆိုခန်း ၂၅၄
၃၃- ရှင်ဥတ္တမကျော်သို့ ခုံတော်မောင်ကျဖမ်းက ကန်တော့လာခန်း ၂၆၀
၃၄- ခုံတော်မောင်ကျဖမ်းသည် အရှင်ဥတ္တမကျော်သို့
ခဲကတ်သောစကားဖြင့် လျှောက်ထားခန်း ၂၆၂
၃၅- ခြေတော်ရာ ၁ ဆူနှင့် သွားတော် ၁ ဆူ တည်ရှိသော
စေတီတော်သည် မှန်၊မမှန် သိလို၍ လျှောက်ထားခန်း ၂၆၄
၃၆- ရှင်ဥတ္တမကျော်သည် ရွှေနန်းကြော့ရှင် ဘုရင်နရပတိကို
တရားဟောတော်မူခန်း ၂၆၆
၃၇- ရှင်ဥတ္တမကျော်ကို ရွှေနန်းကြော့ရှင် ဘုရင်နရပတိက
နေပြည်တော်တွင် သီတင်းသုံးရန် တောင်းပန်ခန်း ၂၆၈
၃၈- ရှင်ဥတ္တမကျော်သည် တောင်တွင်းကြီးမြို့သို့
ဒုတိယအကြိမ် ပြန်ကြွတော်မူခန်း ၂၆၉
၃၉- တောင်တွင်းဆရာတော် ရှင်ဥတ္တမကျော်သည် တောင်ငူမြို့
ရှင်တိသာသနဓဇကို စာချခန်း ၂၇၀
၄၀- ရှင်ဥတ္တမကျော် ပျံလွန်တော်မူသည်ကို ပြဆိုခန်း ၂၇၄
၄၁- တောင်တွင်းဆရာတော် အရှင်ဥတ္တမကျော် ရေးပြုစီရင်သည့်
ကျမ်းဂန်တို့ကို ပြဆိုခန်း ၂၇၅


mgyoe.com

mgyoe.com SAMPLE BOOK

၄၂- ရှင်ဥတ္တမကျော်၏ အဋ္ဌုပ္ပတ္တိ၌
မဟုတ်မလျှာ့ရှုပ်ထွေးသောဝါဒ ရှိနေကြသည်ကို ရှင်းလင်းပြခန်း ၂၇၆
* နိဂုံး ၂၇၈


mgyoe.com

mgyoe.com SAMPLE BOOK

## ဦးအောင်၏ အင်းဝခေတ်တိမ်ပန်းချီ

**ဦးအေးချို-မဟာဝိဇ္ဇာ**

၂၀ ရာစုခေတ်ဦး မြန်မာစာပေသမိုင်းကို ကြည့်လျှင် ၁၉ ရာစုနှောင်းကာလက တွင်ကျယ်စွာ ပုံနှိပ်ထုတ်ဝေခဲ့ရသော ပြဇာတ်စာပေများ ညှိုးမှိန်သွားသည်။

၁၉၀၄ ခုနှစ်တွင် ဦးလတ်၏ 'မောင်ရင်မောင်၊ မမယ်မ' ဝတ္ထု၊ ဦးကြီး၏ 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း' ဝတ္ထုများ ပုံနှိပ်ထုတ်ဝေနိုင်သည်မှ စပြီး ဝတ္ထုစာပေ စတင် နေရာယူလာသည်။ ထိုကာလများတွင် ဦးအောင်သည် ပြဇာတ်လည်းမဟုတ် ဝတ္ထုလည်း မဟုတ်သော အတ္ထုပ္ပတ္တိဆန်ဆန် စာပေများ ရေးသားထုတ်ဝေခဲ့သည်။

ဦးအောင် ပြုစုခဲ့သောစာအုပ်များမှာ

၁- ကဝိသေတ္တုမဥ္ဇူသာကျမ်း-ပထမတွဲ၊ ၁၉၀၈ ခုနှစ်။
**အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံး**

၂- ကဝိသာရမဥ္ဇူသာကျမ်း၊ ၁၉၀၉ ခုနှစ်။
**အယူတော်မင်္ဂလာလျှောက်ထုံး**

၃- ကဝိန္ဒာဝုဓမဥ္ဇူသာကျမ်း၊ ၁၉၁၀ ပြည့်နှစ်။
**သင်္ဂီတဆရာတော်ကြီး၏ ပုံပြင်ပမျဉ်းစကားထုံးများ**

၄- ကဝိသေနင်္ဂဗျူဟာကျမ်း၊ ၁၉၁၁ ခုနှစ်။
**ရှင်ဥတ္တမကျော်နှင့်ခုံတော်မောင်ကျဖမ်းစကားစစ်,တရားစစ်ထိုးခန်း**

၅- ဥပမာသမူဟ ပကိဏ္ဏကကျမ်း၊ ၁၉၁၁ ခုနှစ်။
**စကားပုံပေါင်းချုပ်**

၆- ဥပမာသင်္ဂဟ ဝစနတ္ထမကျမ်း-၄တွဲ၊ ၁၉၁၂-၁၅?။

၇- ဒလ္လီမြို့တော်ကြီး ပညာရှိ ဗိရဗလအမတ်ကြီး လျှောက်ထုံး၊ ၁၉၁၂ ခုနှစ်။ တို့ ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဦးပေါ်ဦးလျှောက်ထုံးကို ဦးအောင်က စတင်တီထွင်ရေးသားလိုက်ရာ အလွန် လူကြိုက်များသွားသည်။

ဦးအောင်နှင့် စာအုပ်ထုတ်ဝေသူတို့ အဆင်မပြေဖြစ်သောကြောင့် ဦးအောင် ဆက်လက် မရေးသားသောအခါ ဦးပေါ်ဦးလျှောက်ထုံးများကို စာတော်ပြန် ဆရာသိန်း, ပိဋကတ်ဆရာမြိုင်, မန္တလေးဦးကျော်ထွန်းတို့က ဆက်လက်ရေးကြ သည်။

ဦးအောင်ရေးသားသည့် သင်္ဘောဆရာတော်ကြီး၏ ပုံပြင်သည်လည်း လူကြိုက်များသည့်အတွက် နောက်ဆရာများ လိုက်၍ တုပ ရေးသားထုတ်ဝေကြ သည်။

ဦးအောင် ရေးသမျှစာအုပ်များအနက် 'ဗိရဗလအမတ်ကြီး လျှောက်ထုံး'ဟု မှတ်တမ်းတင်ထားသည့် 'ဗိရဗလအမတ်ကြီး'မှလွဲ၍၊ ကျန်ပုဂ္ဂိုလ်များသည် မြန်မာ နိုင်ငံသား ဆရာတော် သံဃာတော်များနှင့် အထင်ကရပုဂ္ဂိုလ်ကြီးများ ဖြစ်သည်။

'ကဝိသေနင်္ဂဗျူဟာကျမ်း'ဟု အမည်ပေးထားသော ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဖမ်း စကားစစ်,တရားစစ်ထိုးခန်းကျမ်းမှာ တစ်မျိုးတစ်ဖုံ ထူးခြားပြီး လူကြိုက် များလှသည်။

စကားကို ပရိယာယ်ဝေဝုစ်ကြွယ်ကြွယ် ပြောတတ်သူကို 'ခုံတော် မောင်ကျဖမ်း'ဟု ခေါ်တတ်ကြသည်။

စင်မြင့်ပေါ်တွင် ကြိုတင် သိခွင့်မရဘဲ မိမိနှိုက်သော မဲစာလိပ်အတွင်း ရေးသားထားသော ခေါင်းစဉ်ဖြင့် ဟောပြောရသည့် နှုတ်မှုစွမ်းရည်ဖော်ပြရသည့် စကားပြောပွဲကို 'ကျဖမ်း(ကျပန်း)စကားပြောပွဲ'ဟု ခေါ်ရသည်အထိ တွင်ကျယ် လာသည်။

ရှင်ဥတ္တမကျော်မှာ အမှန် စင်စစ်ရှိခဲ့သော သံဃာတော်တစ်ပါးဖြစ်သည်။ အင်းဝခေတ်က ပေ ၄ ပင် ရှင် ၄ ပါးစာရင်းဝင် စာဆိုရဟန်းတစ်ပါး ဖြစ်သည်ဟု မှတ်တမ်းများတွင် ဆိုသည်။


mgyoe.com

mgyoe.com

SAMPLE BOOK

ဦးအောင် ရေးသားသောစာအုပ်များမှာ ဖတ်၍လည်း ကောင်း၊ လူကြိုက်လည်း များ၊ အကြိမ်ကြိမ်လည်း ပုံနှိပ်ရ၍ တောရောမြို့ပါအနှံ့ လူသိများသည်။ စာအုပ်အတွင်းမှ အကြောင်းအရာများကို အကြောင်းတိုက်ဆိုင်လာလျှင် အလွယ်တကူ သာဓကဆောင်ဆောင်ပြီး ပြောတတ်ကြသည်။ ဤသို့ သာဓကဆောင်၍ဆောင်၍ ပြောဖန်များသောအခါ ထိုပုဂ္ဂိုလ်များ၏အကြောင်းရေးလျှင် ကိုးကားစရာကျမ်းတစ်ကျမ်းအဖြစ် အသုံးပြုကာ ထည့်၍ ရေးတတ်ကြသည်။ အတွင်းပါအကြောင်းအရာများကို အမှန်အဖြစ် အ.သိအမှတ် ပြုသွားကြလေတော့သည်။

ကဝိသေနင်္ဂဗျူဟာစာအုပ်နိဂုံးတွင် ထိုစာအုပ်ကို 'သက္ကရာဇ် ၁၂၇၃ ခုနှစ်သီတင်းကျွတ်လဆန်း ၁၄ ရက် သောကြာနေ့တွင် ရေးသားပြီးစီးသည်'ဟု တွေ့ရသည်။ ခရစ်နှစ်အားဖြင့်မူ ၆-၁၀-၁၉၁၁ ဖြစ်သည်။

ထိုစာအုပ်၏အရှိန်သည် နှောင်းစာပေများတွင် မည်မျှထင်ဟပ်နေသည်ကို ဆန်းစစ်ကြည့်မိပါသည်။

ကဝိသေနင်္ဂဗျူဟာစာအုပ်တွင် တောင်တွင်းကြီးမြို့သမိုင်းရေးပြီး ပေ ၄ ပင်ရှင် ၄ ပါးအကြောင်း တဘောင်ပေါ်ပုံ, တဘောင်ကို အဓိပ္ပာယ်ကောက်ပုံ တွေ့ရသည်။ ရှင်ဥတ္တမကျော်၏ ငယ်မည်မှာ 'မောင်ဥက္ကာ'ဖြစ်ပြီး၊ 'အဖ ဦးသောကြာ, အမိ ဒေါ်နှင်းဆီ' ဟု ဆိုသည်။ ရှင်မဟာသီလဝံသ၏ ငယ်မည်မှာ 'မောင်ညို' ဖြစ်ပြီး၊ အသည်မျိုးမှ ပုဏ္ဏားအထုံဝင်သူ 'မယ်ဒွေး-မောင်ကြည်'ဟု ဆိုသည်။

ရှင်ဥတ္တမကျော်နှင့် ရှင်မဟာသီလဝံသတို့ငယ်စဉ်က စာစပ်ကြပုံအကြောင်းများ ပါသည်။ ထို့နောက် ရှင်မဟာသီလဝံသ အင်းဝသို့ ထွက်သွားသည်ကို ပြောသည်။ ရှင်ဥတ္တမကျော်သည် သူငယ်ချင်း ရှင်မဟာသီလဝံသရှိရာ အင်းဝသို့ လိုက်သွားပြီး၊ အင်းဝတွင် ပညာမာန်ဝင့်နေသောကြောင့် မည်သူကိုမျှ အလေးဂရုမပြုဘဲ မောက်မာနေသူ ခုံတော်မောင်ကျဖမ်းကို ဆုံးမသည့်အခန်း အကျယ်တဝင့်ရေးသည်။ ကျမ်းပြီးခါနီးတွင် ရှင်ဥတ္တမကျော် ရေးသားသော 'စက်ဆယ့်နှစ်လီ'ချီ တောလား ၉ ပုဒ်ကို ဖော်ပြသည်။ ရှင်ဥတ္တမကျော်ရေးသားသည် ဆိုသော ကျမ်းများကို ဖော်ပြထားသည်။


mgyoe.com

mgyoe.com

ရှင်ဥတ္တမကျော်နှင့် ရှင်မဟာသီလဝံသတို့၏ ငယ်မည်နှင့် မိဘအမည်များကို ဦးဖေမောင်တင်၏ 'မြန်မာစာပေသမိုင်း', မောင်သုတ၏ 'စာဆိုတော်များအတ္ထုပ္ပတ္တိ', လှသမိန်၏ 'ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ'တွင် ကဝိသေနင်္ဂဗျူဟာအတိုင်းပင် ရေးသားထားသည်။

နောက်နောင် ရှင်ဥတ္တမကျော်, ရှင်မဟာသီလဝံသတို့ ရေးသမျှစာတိုင်းတွင် ထိုအရှင် ၂ ပါး ငယ်မည်နှင့် မိဘအမည်များမှာ ပြောင်းလဲမှု မရှိတော့ပေ။ အင်းဝခေတ်စာပေအကြောင်း ရေးသမျှ စာပေသမိုင်းကျမ်းများတွင်လည်း ပေ ၄ ပင် ရှင် ၄ ပါးတဘောင်နှင့် ထိုတဘောင်ဝင် ရှင် ၄ ပါးတို့၏အမည်များမှာ 'ကဝိသေနင်္ဂဗျူဟာ'အတိုင်းပင် ဖြစ်သည်။

မိုင်းခိုင်းမြို့စား, ပိဋကတ်တော်အုပ်, နန်းမတော်ဝန်မင်းကြီး 'မဟာသီရိဇေယသူ'ဘွဲ့ခံ ဦးယံ ပြုစုသည့် 'ရှင်ရဋ္ဌသာရ, ရှင်တေဇောသာရ, ရှင်အဂ္ဂသမာဓိ, ရှင်သီလဝံသ အဋ္ဌုပ္ပတ္တိ' ပေမူတွင် 'သက္ကရာဇ် ၈၁၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့မှာ ငယ်မည် မောင်ညို-ရဟန်းအမည် ရှင်သီလဝံသကို ဘွား(ဖွား)သည်။' ဟူ၍ ရေးသားထားပြီး မိဘအမည် ဖော်ပြထားသည်ကို မတွေ့ရပေ။

'ရှင်ဥတ္တမကျော် ရေးသားသည်။' ဆိုသော ကျမ်းများစာရင်းနှင့် ပတ်သက်၍ လေ့လာကြည့်သော် သက္ကရာဇ် ၁၂၄၈ ခုနှစ် ဝါဆိုလဆန်း ၅ ရက် တနင်္လာနေ့တွင် စတင်ရေးသားပြီး ၁၂၅၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက် သောကြာနေ့တွင် ပြီးစီးသည့် ဦးယံ၏ 'ပိဋကတ်တော်သမိုင်း'တွင် ရှင်ဥတ္တမကျော်၏အမည်ပင် မပါဝင်ပေ။ ယင်းကျမ်းတွင် ရှင်ရဋ္ဌသာရ, ရှင်သီလဝံသ, ရှင်အုန်းညိုတို့ရေးသည့် ကျမ်းများပါသည်။

မြန်မာစာပေသမိုင်းတွင် ရှင်ဥတ္တမကျော်အကြောင်း နိဂုံးချုပ်သည့်အခါ

> 'ဤကဲ့သို့ ထူးကဲသော ကဗျာပါရမီ အခြေခံရှိသူပုဂ္ဂိုလ်သည် မြန်မာမှုတွင် စာကြီးပေကြီးများကို မပြုစုခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်ပေ၏။ ပါဠိကျမ်းဂန်များကိုကား အနည်း


mgyoe.com

mgyoe.com


ငယ် ပြုစုစီရင်ခဲ့ဟန်တူ၏။ မြန်မာမှုတွင်ကား ဤတောလား တစ်ခုကိုသာ အထင်အရှားတွေ့ရ၏။'-ဟူ၍ မှတ်ချက်ရေးသည်။

'ပါဠိကျမ်းဂန် အနည်းငယ် ပြုစုစီရင်ဟန်ရှိ၏။' ဟုသာ ရေးပြီး ကဝိသေနဂံဗျူဟာတွင် ဖော်ပြထားသောကျမ်းများကို ထည့်သွင်းမရေးသားပေ။

မောင်သုတ၏ 'စာဆိုတော်များအတ္ထုပ္ပတ္တိ'တွင် ကဝိသေနဂံဗျူဟာကျမ်း အရ 'ရှင်ဥတ္တမကျော် ပြုစုသည်။'ဟုရေးသားထားသောကျမ်းများကို ထည့်သွင်း ရေးသားခဲ့သည်။ သို့ရာတွင် လက်မခံနိုင်သေးသည့် မှတ်ချက်ပါသည်။

လှသမိန်၏ 'ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်' တွင်လည်း ရှင်ဥတ္တမကျော် ရေးသားထားသည့်ကျမ်းစာရင်းသည် ကဝိသေနဂံဗျူဟာအတိုင်း ပင် ဖြစ်သည်။

ပိဋကတ်တော်သမိုင်းတွင် 'ရှင်ဥတ္တမကျော် ရေးသားပြုစုခဲ့သောကျမ်းများ မရှိကြောင်း' ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ကဝိသေနဂံဗျူဟာ၌ 'ရှင်ဥတ္တမ ကျော်ပြုစုသည်။'ဟုရေးသားထားသောကျမ်းများကိုမူ ပိဋကတ်တော်သမိုင်းတွင် 'ပြုစုသူ မသိ'ဟု ဖော်ပြ မှတ်တမ်းတင်ထားသည်။

ဤသို့ မှတ်တမ်းတင်ထားသည်ကို ဦးအောင်က ကဝိသေနဂံဗျူဟာစာအုပ် တွင် ဤသို့ဝေဖန်သည်။

> 'ထိုထိုစာတို့၌ 'မည်သည့်သက္ကရာဇ် မည်သည့်မင်း လက်ထက် မည်သည့်ပုဂ္ဂိုလ် စီရင်ရေးသားသည်။-ဟု ကျမ်းပြီး နိဂုံး မပါမရှိ။'ဟူ၍ ပိဋကတ်တော်သမိုင်းကို ရေးပြုစီစဉ်သူသည် ရေးသားမှာထားလျက် ရှိလေသည်။ ထိုသူသည် အရပ်ရပ်သော ပျို့ကဗျာ၊ သို့မဟုတ် စကားထုံး၊စကားပြေ စသည်တို့ကို မနှံ့စပ် မကျွမ်းကျင်ရှာ၍ တောင်တွင်းဆရာတော်'ရှင်ဥတ္တမကျော်'ရေးပြု စီရင်ကြောင်းကို မသိရှိ ဖြစ်လေသည်။'

-ဟူ၍ ပိဋကတ်တော်သမိုင်းကျမ်း ပြုစုသူ ဦးယံကို 'စာမနှံ့စပ်သူ'အဖြစ် မှတ်ချက် ချထားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဆက်လက်၍ ရေးသားထားသည်မှာ 'ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ခေမာတို့သည် သာသနာ့ဝန်ထမ်း ရဟန်းများဖြစ်ကြသောကြောင့် ပေါ်လွင်ထင်ရှားမှုကို မလိုလားသဖြင့် ၎င်းတို့ပြုစုသမျှကျမ်းများကို ရေးသူ မဖော်ပြ။ နိဂုံး သက္ကရာဇ်များ မဖော်ပြကြချေ။' ဟူ၍ ဖြစ်သည်။

ဦးယံက စာပေမနှံ့စပ်သောကြောင့် မသိ။ မိမိက စာပေနှံ့စပ်သောကြောင့် သိသည့် သဘောမျိုး ဦးအောင်က ရေးသားထားသည်။

ဦးအောင်က 'ရှင်ဥတ္တမကျော် ရေးသားပြုစုသည်။'ဟု မိမိဖော်ပြထားသော ကျမ်းစာရင်းကို ရှင်ဥတ္တမကျော်ပြုစုသည့် 'ဂန္ထကာရက္ကမပျို့'အရဟု ဆိုပြီး အောက်ပါအတိုင်း စာကိုး ဖော်ပြထားသည်။

'ပဋ္ဌိသမ္ဘိဒါ၊ မဟာနိဒ္ဒေသ၊ ပေဋကနှင့်၊ ဓမ္မသင်္ဂါ၊ ပါဠိတော်မှ၊ ဝိနယသင်္ဂဟာ၊ ဋ္ဌကထာပြင်၊ သစ္စသံခိပ်၊ ခုဒ္ဒသိက်မည်ရှိ၊ အဘိဓမ္မာ၊ ဝတာရလှစ်၊ ဋီကာသစ်မူ၊ ကျမ်းသုံးဆူမှ၊ သဒ္ဒသာရတ္တဇာလိ၊ ဝဇီရသာရ၊ ကစ္စာယနဟု၊ ဝါစကောပဒေသ ခေါ်ဆို၊ စာကိုယ်နိဿယည်း၊ မှီရာနည်းကို၊ သိပ်သည်းသေချာ၊ ရှိစေဌာပ၊ သဒ္ဒါပုဒ်ပါဠိ၊ တည်းဖြတ်ပြုစု၊ ဗဟုပကာရ၊ ဖြစ်ကြစေလို၊ ပုဂ္ဂိုလ်ထင်ပေါ်၊ ဥတ္တမော်တွင်၊ ကျော်တစ်လုံးရ၊ ထင့်နာမနှင့်'

မောင်သုတကမူ ဂန္ထကာရက္ကမပျို့ကို စာကိုယ် မတွေ့သေးသောကြောင့် တစ်ကြောင်း၊ အခြား ခိုင်လုံသောအထောက်အထားတို့ မရသေးသောကြောင့် တစ်ကြောင်း၊ ထိုကျမ်းများကို 'ရှင်ဥတ္တမကျော် ရေးသားသည်။' ဆိုသည်ကို လက်မခံချေ။

ဦးအောင် ထုတ်နုတ်ပြသောစာကိုးတွင် ထိုထိုကျမ်းများရေးသားသည့်အတွက် 'ဥတ္တမ'အမည်တွင် 'ကျော်'တစ်လုံးရလာသည်။ 'ရှင်ဥတ္တမကျော် ဖြစ်လာသည်။'ဟု ဆိုထားသည်။


mgyoe.com

mgyoe.com


သို့ရာတွင် ရှင်ဥတ္တမကျော်၏တောလား အပိုဒ် ၉ တွင်

'သုံးမည်ပရမေ၊ ဗျာဒိတ်ချွေသား၊ သပြေကျွန်းသာ၊
နောင်အခါဝယ်၊ သညာသမုတ်၊ ပညတ်ထုတ်သည်၊ ရှင်ဥတ္တမ
ကျော်၊ ထေရ်မြတ်သော်လည်း၊ အဟော်နောင်လာ၊ ငါ့ရိုက်ရာကို၊
သစ္စာဖူးငုံ၊ ပွင့်အံ့တုံဟု၊ ကိုးဂုဏ်ရှင်ပင်၊ အံ့ချီးတင်သည်၊ ငါလျှင်
လည်းကောင်း၊ ဗောဓိလောင်းဟု၊ ငြိမ့်ညောင်းတံဆိပ်၊ ရွှေဗျာဒိတ်
ဖြင့်၊ ခပ်နိုပ်သေချာ၊ နှုတ်သြဘာသည်'

-ဟူ၍၊ ဘုရားရှင်ကပင် သူ့အား နောင်တွင် ဘုရားဖြစ်လိမ့်မည်။-ဟု ဗျာဒိတ်ထားခဲ့ကြောင်း ဖွဲ့နွဲ့ထားရာ၊ သူကိုယ်တိုင်က 'ရှင်ဥတ္တမကျော်'ဟု သုံးစွဲထားကြောင်း တွေ့ရသည်။

မဟာဓမ္မသင်္ကြံ ရေးသားသည့် 'သာသနာလင်္ကာရ စာတမ်း' တွင် 'ဟံသာဝတီဆင်ဖြူများရှင် ကိုးကွယ်သည့် ဆရာတော် အရှင်တိသာသနဓဇသည် ရှင်ဥတ္တမကျော်ထံတွင် စာလိုက်ဖူးကြောင်း။' ရေးသားထားသည်။

သာသနာလင်္ကာရ စာတမ်းသည် ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၁၉၃ခု ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့တွင် ရေးသားပြီးသော ကျမ်းဖြစ်သည်။ ထိုအထောက်အထားအရ 'ရှင်ဥတ္တမကျော်' ဟူသော အမည်ကို စာပေသမိုင်းခေတ်အဆက်ဆက် လက်ခံရေးသားကြလေသည်။

ခုံတော်မောင်ကျဖမ်း၏ အမည်ရှေ့တွင် 'ခုံတော်'ဟု ပါနေသည်။ ကဝိသေနင်္ဂဗျူဟာစာအုပ်အရ မောင်ကျဖမ်း ရှေ့နေအဖြစ်လိုက်သော အမှုတိုင်းနိုင်နေသောကြောင့် ပုဂံမြို့ရှိ ဆရာတော်များက တောင်းပန် မေတ္တာရပ်ခံ၍ မောင်ကျဖမ်းကို ရှေ့နေမလိုက်စေဘဲ၊ ဆရာတော် သံဃာတော်တို့ အစုံအညီတွင် သမ္မတခုံအဖြစ် တင်လိုက်ကြသည်။-ဟု ဆိုသည်။ ဤသို့ သမ္မတခုံအဖြစ် တင်မြှောက်ခံရသောကြောင့် 'ခုံတော်မောင်ကျဖမ်း ဖြစ်လာသည်။' ဟုလည်း ဆိုသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဤတွင် ခုံတရားစီရင်ရေးစနစ် ပါလာသည်ကို တွေ့ရသည်။ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင်

'၁၂၂၈ ခုနှစ်မတိုင်မီအခါက ခုံတော်ဟူ၍ မရှိ။ ၁၂၂၈ ခုနှစ်ကမှစ၍ ခုံတော်များလည်း အသီးအသီး အဝေးနယ်မြို့ရွာများပါ ခွဲခြားခန့်ထားသည်။' ဟု ဆိုသည်။

သို့ရာတွင် ၁၁၅၁ ခုနှစ်က ဆုံးဖြတ်ထားသော 'ရေစကြိုခုံတော် ဖြတ်ထုံး' ဟု မှတ်တမ်းတင်ထားသည့် ဖြတ်ထုံးများလည်း တွေ့ရသောကြောင့် သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင်မှ ခုံတော်များကို စတင် ခန့်ထားပေါ်ပေါက်သည် ဆိုသော မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း အဆိုအမိန့်ကိုလည်း ဝေဖန်စရာ ဖြစ်နေပြန်သည်။

ညောင်ရမ်းခေတ် သာလွန်မင်းလက်ထက်တွင် ပြုစုသည့် 'ကိုင်းစား မနုရာဇာလျှောက်ထုံး'တွင် ၁၈ ကြိမ်မြောက်မေးသည့် မေးခွန်း ၁၈ ရပ်အနက် မေးခွန်း ၁၅ တွင် ဤသို့မေးထားသည်ကို တွေ့ရသည်။

'တရားစီရင်ပြီးလျှင် အမှုသည်တို့က ဆုံးဖြတ်စီရင်သူ တရားဆရာ, ခုံသမတ်, အစိုးရ စသည်တို့အား စီရင်စား ကွမ်းဖိုး ပေးရမြဲရှိသည် ဆိုသည့်စကား'

ဤမေးခွန်းတွင် 'ခုံသမတ်' အမည် ပါဝင်နေသည်ကို တွေ့ရသည်။

ဤမေးခွန်းကို ဖြေဆိုသည့်အခါ ထုံးသက်သေသာဓကများ ဖော်ပြပြီး

'ထိုအခါမှစ၍ အငြင်းအခုံကို ပြေလည်အောင် ဆုံးဖြတ်သော တရားသူကြီး, ခုံသမတ်တို့အား စီရင်စားပေးရသည်ဟု ကြားဖူးပါသည်။'

-ဟူ၍ ရေးသားထားသည်တို့ကို ထောက်၍၊ 'ညောင်ရမ်းခေတ်တွင် ခုံသမတ် တရားစီရင်ရေး ပေါ်နေပြီ။' ဟု ပြောနိုင်ပါသည်။

ခုံသမတ်တို့ မည်ကဲ့သို့ တာဝန်ထမ်းဆောင်ကြရကြောင်း လေ့လာသည့်အခါ ညောင်ရမ်းခေတ် သက္ကရာဇ် ၉၆၉ ခု ပထမဝါဆိုလဆန်း ၁၁ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်တော်အတွင်း


mgyoe.com

mgyoe.com

'ရှေ့နေရှေ့ရပ် ခုံသမတ်တို့သည် နေ့တိုင်းပင် မုသာဝါဒ စကားနှင့် မကင်းမလွတ်နိုင် ဖြစ်သည်။ မြို့တွင်းတွင် မနေစေနှင့်။ မြို့ပြင်မှာ အစုအကွက်ချ၍ အိမ်ဆောက်နေစေ။ ဝန်တို့ စီရင်။'

ဟူ၍ ပါသည်။ ထိုအမိန့်အရဆိုလျှင် ရှေ့နေနှင့် ခုံသမတ် အတူတူ ကဲ့သို့ ယူဆရသည်။

သက္ကရာဇ် ၉၆၉ ခု ပထမဝါဆိုလဆန်း ၁၀ ရက်နေ့တွင်ပင် ထုတ်ပြန်သည့် အမိန့်တော်တွင်

'လွှတ်ရုံးမှစ၍ ရွှေနန်းတော်ပတ်လည် ဝန်စုရ, ဝန်စုမရ, မှူးမတ်အရာရှိ, စာရေးစာချီတို့မှစ၍ မြို့သူကြီး, မြို့တိုင်, စချီ စမြင်တို့ရှေ့ အမှုသည် ၂ ယောက်ကျသည် တရားမှု,စကားမှု တို့၌ ခမည်းတော်ဘုရား, နောင်တော်ဘုရားလက်ထက်တော် ကသည် ယခုလက်ထက်တော်တိုင် စီရင်ကြသည့် ခုံသမတ်တို့ ကောက်ယူသည့် အရာများဝယ်...'

-ဟူ၍ ပါရှိလေရာ၊ ထိုအမိန့်တော်ပါစကားရပ်များအရ ဆိုလျှင် ခုံသမတ်သည် တရားသူကြီး တာဝန်ရှိနေသူ, တရားဆုံးဖြတ်ရသူ ဖြစ်နေသည်။

သက္ကရာဇ် ၁၀၀၀ ပြည့် တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့ ထုတ်ပြန်သည့် အမိန့်တော်တွင်

'ငါ အမိန့်တော် ရှိသည်။ 'သိုဝ်ကိုဝ်လှေစီးလျက် ကြည်းသို့ တက်လျှင် တက်ကိုပစ်ခဲ့သည်။' ဆိုသကဲ့သို့ အမိန့်တော်ရှိသည်ကို ဆိုလျှင် အမိန့်တော်အတိုင်းကို စီရင်တော့မည်။-ဟူ၍ ကရုတ် ကရက်နှင့် ကျိုးနင်းကျွံပျက်က ခုံက အချက်အလက် မသိ, အယူအငင် မသိ, သတိဗလ မပြု၊ စိတ်မမြဲနှလုံးမမြဲ စီရင်သည်။- ဟူ၍ ပြုသည်။'

-ဟူ၍ ပါရှိရာ၊ ထိုအမိန့်အရလည်း ခုံ(သမတ်)သည် တရားစီရင်ရသူ ဖြစ်သည်။

သက္ကရာဇ် ၁၀၀၁ ခု နယုန်လဆန်း ၅ ရက်နေ့ ထုတ်ပြန်သည့်အမိန့်တွင်


mgyoe.com

mgyoe.com SAMPLE BOOK

'ကောက်ချက်နှင့် စီရင်သည်များမှာ တိုင်းရေးပြည်ရေးနိုက် ထိုပြည်၊ ထိုမြို့၊ ထိုအရပ်၊ ထိုဒေသတို့သည် ချောက်ချား၍ မိုးမရွာ။ ကမ္ဘာစကားရှိသည်များကို ကူးသန်း၍ မစီရင်စေနှင့်။ မှူးမတ်တို့မှာ ခုံသမတ် စာရေး စေပါးသူတို့ကို အကျိုးအကြောင်း ကိုပြသ၍ နိုင်နင်းအောင် မြစ်တားရမည်။'

-ဟူ၍ ပါရှိသည်။ ထိုအမိန့်အရဆိုလျှင် 'ခုံသမတ်သည် မှူးမတ်တို့၏ ကြီးကြပ်မှုကို ခံရသူများ ဖြစ်ကြောင်း' သိရသည်။

ရေစကြိုခုံတော်ဖြတ်ထုံးတွင် ဖြတ်ထုံးပြုစုထားသူ ရန္တမိတ်ကျော်ထင်က

'ရန္တမိတ်ကျော်ထင်အမတ်သည် ဝန်အရာသို့မရောက်မီ ဆယ့်ခြောက်နှစ်ရွယ်၊ နှစ်ဆယ်ရွယ်များက ရတနာသိင်္ဃမြို့၊ ဟလင်းမြို့၊ ညောင်ရမ်းမြို့၊ စကုမြို့များ၌ ခုံသမတ်မြို့အုပ် မြို့ဝန် ပြု၍ စီရင်စဉ်...'

-ဟူ၍ အစချီပြီး မိမိဆုံးဖြတ်ခဲ့သည့် ဖြတ်ထုံးများကို ရေးသားထားခဲ့သည်။ ထိုနိဒါန်းစကားအရ ဆိုလျှင် ခုံသမတ်သည် မြို့အုပ်၊မြို့ဝန်အဆင့်ရှိသူ ဖြစ်သည်။

ရေစကြိုခုံတော်ဖြတ်ထုံးအတွင်းပင် 'ရတနာသိင်္ဃမြို့ အညှိခံ မောင်မှိုင်း'၊ 'ရတနာသိင်္ဃမြို့ဝန်မင်း ခုံမောင်မှိုင်း' ဟူ၍လည်း တွေ့ရလေရာ၊ ဒေါက်တာသန်းထွန်းက

'ခုံမောင်မှိုင်းကို 'အညှိခံ' (ရေစကြို ခုံ ၁၅၊၁၈၊၂၃)လို့လည်း ခေါ်တယ်။ အဓိပ္ပာယ် မသိပါ။'ဟု 'ဖြတ်ထုံးထဲက သမိုင်း'တွင် ရေးသားထားသည်။

'အညှိခံခုံ'ကို ဓမ္မသတ်ဝင် တရားသူကြီး ၆ ဦးအနက် တစ်ဦးအဖြစ် ဖော်ပြထားသည်တို့ကိုလည်း တွေ့ရပါသည်။

ခုံတရားသူကြီးကို ခန့်အပ်တာဝန်ပေးပြီး ထမ်းရွက်စေသည်။

'ကျောက်ဆည်ခုံ 'နေမျိုးသီရိရာဇာ' ကျောက်ဆည် ၉ ခရိုင်နယ်မြေ ကျေးရွာများမှာ နေထိုင်သည့်လူတို့ တရားစကား


mgyoe.com

mgyoe.com SAMPLE BOOK

များကို တရားမမွှသတ်ရှိသည့်အတိုင်း ဖြောင့်မှန်ညီညွတ်စွာ စီရင်ဆုံးဖြတ်စေမည့် ကျောက်ဆည်ရုံးတွင် ခန့်ထား၍ အမှုတော်ကို ထမ်းရွက်စေသည်။'

-ဟူ၍ သက္ကရာဇ် ၁၂၂၈ ခု တပေါင်းလဆန်း ၁ ရက်နေ့တွင် ထုတ်ပြန်ပေးအပ်သော အမိန့်စာအရ သိရသည်။

ခုံတရားစီရင်ရေးသည် ရပ်ရွာဒေသတိုင်း၊ မြို့တိုင်း၌ ရှိနိုင်သည်။ မှတ်တမ်းမှတ်ရာများ၊ ဖြတ်ထုံးများ ပြုစုခြင်း မရှိကြသည့်အတွက် ရသမျှကိုသာ ဖော်ပြနိုင်ကြခြင်း ဖြစ်သည်။

ဒေါက်တာတိုးလှက ကုန်းဘောင်ခေတ် တရားမှုခင်းစီရင်ချက်များကို လေ့လာထားသည့်ကျမ်းတွင် ခုံများ၏တာဝန်ကို ဤသို့ လေ့လာဖော်ပြထားပါသည်။

'အခြားသောရပ်ရွာဒေသတို့၌လည်း ခုံများ ရှိသည်ပင်ဖြစ်သည်။ သို့သော် ခုံအမည် မဖော်ပြသဖြင့်သာ မဆိုနိုင်ခြင်းဖြစ်ပါသည်။ ရပ်ရွာဒေသ အကြီးအကဲသည် များသောအားဖြင့် ခုံမင်းအဖြစ် တာဝန်ယူ စစ်ဆေးပေးခဲ့ပါသည်။ ရုံဖန်ရုံခါ ရဟန်းတော်တို့သည်ပင်လျှင် တရားသူကြီးအဖြစ် လည်းကောင်း၊ ခုံအဖွဲ့၏ နာယကအဖြစ် လည်းကောင်း ပါဝင်ခဲ့ကြရပါသည်။ ထို့အပြင် ရပ်ထဲရွာထဲမှ စာပေတတ်မြောက်၍ လေးစားလောက်သော ဂုဏ်သရေရှိသူ ကျောင်းတကာ၊ ဆေးဆရာ၊ ဘုရားတကာများကိုလည်း တရားသူကြီးများအဖြစ် တွေ့ရှိရတတ်ပါသေးသည်။ သို့သော် အများစုမှာ ရာထူးရာခံရှိသူ အမှုထမ်းများ ဖြစ်ကြသည်။'

ရဟန်းတော်၊ ကျောင်းတကာ၊ ဆေးဆရာ၊ ဘုရားတကာဆိုသူတို့သည် အချို့အမှုများတွင် ဝင်ရောက်ဆုံးဖြတ်ကြရသော်လည်း ၄င်းတို့ပါဝင်ဆုံးဖြတ်ရသည့် အမှုတစ်မှုအတွက်သာ ပါဝင်ရခြင်း ဖြစ်သည်။ ခန့်အပ်သည့် ခုံတစ်ဦးကဲ့သို့


mgyoe.com

mgyoe.com

အမှုတိုင်းကို ဆုံးဖြတ်ရသည် မဟုတ်ပေ။ ဓမ္မသတ်ဝင် တရားသူကြီး ၆ ဦးတွင် တရားလို၊တရားခံ သဘောတူ တင်မြှောက်သည့် အနုညာတခုံတို့လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ထိုပုဂ္ဂိုလ်များသည် ထိုဒေသအတွင်းရှိလူများက အထူးလေးစား ယုံကြည်အားကိုးခံရသူများလည်း ဖြစ်နိုင်ပါသည်။ ရပ်ရွာဒေသအပေါ် ဩဇာ လွှမ်းမိုးနိုင်သူများ ဖြစ်ကြလိမ့်မည်။

အထက် ဖော်ပြပြီးသည်တို့ကို ပြန်လည်အကျဉ်းချုပ်ဆိုရလျှင် ခုံတရား စီရင်ရေးကို ညောင်ရမ်းခေတ်တွင် စတင်တွေ့ရှိရသည်။ သို့ရာတွင် စာပေမှတ်တမ်း များရေးသား၍ ဖြတ်ထုံးများ ပြုစုခဲ့သည့် ခုံတရားစီရင်ရေးကို ကုန်းဘောင်ခေတ် ကျမှသာ တွေ့ရသည်။

ခုံတော်မောင်ကျဖမ်းသည် ပထမအင်းဝခေတ်က ဖြစ်သည်။ ရှင်မဟာ သီလဝံသ၊ ရှင်ဥတ္တမကျော်တို့နှင့် ခေတ်ပြိုင်ဖြစ်သည်။ အင်းဝခေတ်တွင် အဂတိ တရား ၄ ပါးကင်းစွာ တရားစီရင်ရမည် ဖြစ်ကြောင်း

'ဆိုဖွယ်တရား၊ နှစ်ဖက်သားတို့၊ ပိုင်းခြားစိမ့်ငှာ၊ ကပ်ပေ
လာမူ၊ ဖြောင့်စွာရိုးရိုး၊ သဘောကိုးလျက်၊ တံစိုးဥစ္စာ၊ မျက်နှာ
ကြီးငယ်၊ မရွယ်မထောက်၊ ရှုံ့ကြောက်မဲ့ထွန်၊ မေ့ကျန်မောဟ၊
ဒေါသမရှု၊ ဆုံးဖြတ်မှုလည်း၊ မနုလမ်းဟောင်း၊ တစ်မျဉ်းကြောင်း
ဝယ်၊ တိမ်းစောင်းမရှိ၊ သမာဓိဖြင့်။ ။ဂတိမယွင်း တည်စေမင်း။ ။'

-ဟူ၍ ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့တွင် ရေးဖွဲ့ထားသကဲ့သို့၊ ကန်တော်မင် ကျောင်းဆရာတော်၏ 'လောကသာရဆုံးမစာ' တွင်လည်း

'ဂတိလေးပါး၊ မမှားစေအောင်၊ ပြည်မှူးဆောင်လျက်၊
တည်ထောင်ကမ္ဘာ၊ အစစ္စာသား၊ ဆရာမနု၊ ရသေ့ပြုသား၊ လူမှု
ဆုံးဖြတ်၊ ဓမ္မသတ်နှင့်၊ ညီညွတ်မယွင်း'

-ဟူ၍ တွေ့ရသည်။ တရားစီရင်ရေးကို ကျင့်ဝတ်များနှင့် ယှဉ်တွဲရေးသားထား သည်များကို အစောဆုံးတွေ့ရသည်။ အင်းဝခေတ်တွင် ရှေ့နေ ပေါ်နေပြီ။-ဟုလည်း ပြောနိုင်သည်။


mgyoe.com

mgyoe.com 

ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရကိုးခန်းပျို့တွင်

'ကျေးကျွန်မကောင်း၊ ငါလျှင်မောင်းလည်း၊ ထောင်းထောင်းရှေ့နေ၊ ခေါ်တည့်ချေသို့၊ မျက်ပြေစိမ့်ငှာ၊ သာယာလျောက်ပတ်၊ ငါ့ကိုညွတ်၏။'

အပိုဒ်-၁၅၀

-ဟူ၍ လည်းကောင်း။

သံဝရပျို့တွင်လည်း

'အပြီးစကား၊ မဆိုအားလည်း၊ အကြားရှေ့နေ၊ နှစ်ဖက်ပြေဖြင့်၊ ရေလည်းမနှောက်၊ ကြာမရှောက်သို့'

အပိုဒ်-၁၁၂

-ဟူ၍ လည်းကောင်း တွေ့ရသည်။

ခုံတော်မောင်ကျဖမ်းကို မူလက 'ရှေ့နေ'ဟု ဆိုသည်။ နောင်တွင် အများက သမ္မတခုံ တင်မြှောက်သောကြောင့် ခုံသမတ် ဖြစ်လာကြောင်း ရေးသားထားရာ၊ အင်းဝခေတ်တွင် ခုံတရားစီရင်ရေး ပေါ်ပေါက်နေကြောင်း စာပေအထောက်အထား မတွေ့ရသေးပေ။ ညောင်ရမ်းခေတ်တွင် ခုံသမတ်များ ပေါ်နေပြီ။ ဝန်တို့က ကြီးကြပ်ရသည်ဟုတွေ့ရသည်။ ကုန်းဘောင်ခေတ်တွင်မူ ခုံသမတ်ကို မင်းမိန့်နှင့် ခန့်ရသည်။ ထိုအထောက်အထားကို အခြေခံ အားကိုးပြောရလျှင် ညောင်ရမ်းခေတ် ခုံသမတ်များကိုလည်း ဝန်တို့က ကြီးကြပ်ရသည်။-ဟု ဆိုသောကြောင့် မင်းမိန့်နှင့်သာ ခန့်အပ်ခြင်း ဖြစ်နိုင်ပေသည်။

'အနုညာတခုံ'ဆိုသည်ကိုလည်း ပြောခဲ့ပြီး ဖြစ်သည်။ မောင်ကျဖမ်းကို အနုညာတခုံအဖြစ် အမှုသည် ၂ ဘက်က သဘောတူညီ၍ ခန့်အပ်သည်ဖြစ်လျှင်လည်း ထိုတစ်မှုသာ စီရင်ခွင့် ရနိုင်သည်။ မောင်ကျဖမ်းကို ရဟန်းရှင်လူတို့က သဘောကျသောကြောင့် ခုံသမတ်တင်မြှောက်သကဲ့သို့ တင်မြှောက်ခွင့်လည်း


mgyoe.com

mgyoe.com

မရှိနိုင်ပေ။ ဤသို့ တင်မြှောက်ခဲ့ကြောင်းလည်း ထင်ရှားသည့်အထောက်အထား မရှိပေ။

ဒေါက်တာတိုးလှ၏ 'အင်းဝခေတ် ပျို့စာပေများကပြောသော သမိုင်း' တွင်လည်း 'အင်းဝခေတ် အုပ်ချုပ်ရေးတွင် ခုံသမတ်များရှိကြောင်း' ဖော်ပြထားသည်ကို မတွေ့ရပေ။

မောင်ကျဖမ်းကို ပညာရှိသူတစ်ဦး, စကားကို ကွယ်ကွယ်ဝဝပြောတတ်သူတစ်ဦး, အရာရာအောင်မြင်နေသူတစ်ဦး, အများက လေးစားကြောက်ရွံ့နေရသူတစ်ဦးအဖြစ် ဇာတ်ရုပ်ထားပြီး၊ ထိုထိုသောအကြောင်းများကြောင့် မာန်တက်နေသူတစ်ဦးအဖြစ် စရိုက်ကို ဖော်ပြထားသည်။ မောင်ကျဖမ်း၏ မာန်စွယ်ကို ရှင်မဟာရဋ္ဌသာရ မချိုးနိုင်ကြောင်း ကဝိသေနင်္ဂဗျူဟာစာအုပ်တွင် ဤသို့ ဖော်ပြထားသည်။

> 'ဒါယကာမောင်ကျဖမ်း။ သင်သည် သင်ခြေသင်ဝါနှင့် တကွ စာပေပိဋကတ်လည်း နှံ့စပ်ကျေပွန်လှသည် ကြားရပါသည်။ လူမှု့ဒွလည်း လိမ္မာလှသည် ပြောကြသည်။ ထိုသို့ဖြစ်ပါလျက် မကောင်းသတင်းတစ်ခု ပြန့်ပွားး၍နေသည်မှာ သံဃာတော်တို့ကို ပုတ်ခတ်ပြောဆိုလေ့, ကဲ့ရဲ့ရှုတ်ချလေ့ရှိသည် ကြားသိရခြင်းသည် ဆရာတော်တို့ ကြားသိရသည့်အတိုင်း မှန်မူ၊ သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်ရန် ကောင်းသည်။' ဟူသော စကားမျှခန့် မိန့်တော်မူရုံတွင်
>
> ခုံတော်မောင်ကျဖမ်းက လျှောက်သည်မှာ
>
> 'ဤစကားသည် အရှင်ဆရာတော်ကြားတော်မူခြင်းပင် အမှားစင်စစ် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားတပည့်တော်သည် သံဃာတော်ကိုမဆိုထားနှင့်ဦး အရှင်ဆရာတော်ကိုပင် မပြစ်မှားဝံ့သူ ဖြစ်ပါသည်။'ဟု ဆိုလျှင် နေပြည်တော်ဆရာ အရှင်မဟာရဋ္ဌသာရသည် 'ဟင်' ဟူ၍ ပယ်ရှားလွှဲဖယ်သော


mgyoe.com

mgyoe.com


စကားမျိုးဖြင့် မိန့်တော်မူပြီးလျှင် မျက်နှာတိမ်းကာ ကြွသွားတော်မူပြန်သတည်း။

ရှင်မဟာရဋ္ဌသာရက ခံတော်မောင်ကျဖမ်းကို သံဃာတော်များအား မပြစ်မှားရန် ဆုံးမသည်။

မောင်ကျဖမ်းက 'သံဃာတော်များကို မဆိုထားနှင့်။ အရှင်ဘုရားကိုပင် မပြစ်မှားပါ။' ဟု ပြန်လျှောက်ခြင်းသည် ရှင်မဟာရဋ္ဌသာရကို 'သံဃာ' ဟု အသိအမှတ်မပြုချင်သည့်စကားရိပ် ပေါ်နေသည်။

ရှင်မဟာရဋ္ဌသာရက ခံတော်မောင်ကျဖမ်းကို ရင်ဆိုင် အနိုင်ယူ မဆုံးမခြင်းမှာ ရှင်မဟာရဋ္ဌသာရ၏ စိတ်နေအမူအကျင့်သည် အေးချမ်းတည်ငြိမ်သူဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ စိတ်ထားကို စတုဓမ္မသာရကိုးခန်းပျို့ နိဂုံးတွင် ဤသို့တွေ့ရသည်။

'ငါနှင့်ငါသာ၊ နှိုင်းစရာဟု၊ ပညာမုန်ယို၊ အရွယ်ပျိုက၊
မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ၊ ဒေါသ
ရှိလည်း၊ နှောင်းပြီတစ်ခါ၊ ရိုသေစွာလျှင်၊ ဤစာကိုးခန်း၊ ပုလဲ
ပန်းဖြင့်၊ စိတ်ကျန်းမာန်လျော့၊ ငါကန်တော့၏၊ မပေါ့ချစ်ခင်၊
သားနှယ်ကြင်၍၊ အရှင်တကာ၊ သည်းခံပါလော့။'

ရှင်မဟာရဋ္ဌသာရသည် ငယ်စဉ် ပညာမုန်ယို အရွယ်ပျိုဘဝက မပြောပလောက်အောင် မာန်တက်ခဲ့မိခြင်းကြောင့် 'ပြောမှားဆိုမှား ရှိခဲ့လျှင် ခွင့်လွှတ်ပါ။' ဟု မာန်စောင်ချထားသူ ဖြစ်သည်။ ထိုကဲ့သို့ မာန်စောင်ချနေသူအား ခံတော်မောင်ကျဖမ်း အစွဲချွတ်ရန် ဦးအောင်က မရွေးချယ်ပေ။

ရှင်ဥတ္တမကျော်၏ စိတ်ထားကား မည်ကဲ့သို့နည်း။

'ရှင်ဥတ္တမကျော်သည် အရွဲ့တိုက်တတ်သည့်စရိုက်ရှိသူ' ဟု ဆိုနိုင်သည်။ ရှင်းပြပါမည်။


mgyoe.com

mgyoe.com SAMPLE BOOK

အင်းဝခေတ်တွင် ပျို့ကဗျာများ အများအပြားရေးဖွဲ့ကြပါသည်။ ရှင်မဟာသီလဝံသသည် ပါရမီတော်ခန်းပျို့ကို ကမ္ဘာလွှေတွင်ထည့်လျက် ထိုပျို့ကို ပိုက်ကာ အင်းဝနေပြည်တော်သို့ လာခဲ့သည်။ အင်းဝနေပြည်တော်သို့ ရောက်လေလျှင် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးနှင့် နန်းရင်ပြင်တွင် ယှဉ်ပြိုင်ဖတ်ကြသည်။ ပျို့ ၂ စောင်လုံးကို အများက နှစ်ခြိုက်ကြသည်။-ဟု အဆိုအမိန့်များရှိသည်။ ထို့ကြောင့် ပါရမီခန်းပျို့သည် မင်းနေပြည်တွင် ကျော်စောထင်ရှားနေသောပျို့တစ်စောင်။-ဟု ဆိုရန်ရှိသည်။ ထိုပျို့တွင်

- ကျိုးနပ်ရာဟု၊ စာနာလသော်၊ တရေးမြော်၍၊

အပိုဒ်-၁

- ဤသို့ကြငေါ်၊ ရည်လသော်တည့်၊

အပိုဒ်-၄

- လွှားမှူးတမ်းခွန်၊ ထူလဟန်သို့၊ လင်းတန်ချိန်သင့်၊

ဂ အပိုဒ်-၄၀

-အစရှိသည်ဖြင့် ‘လ’ထည့်၍ စပ်ဆိုထားသည်များ ရှိသည်။ ‘လ’ကို ပါဒအတွင်း ထည့်သွင်းရေးထားသော်လည်း ထို‘လ’တွင် အဓိပ္ပာယ် မရှိ။ ပါဒပြည့်စေရန် ဖြည့်စွက်သည့် ပဒပူရဏပုဒ်သာ ဖြစ်သည်။ ‘လ’ကို ထိုကဲ့သို့ ပါဒအတွင်း ထည့်ရေးခြင်းမျှ မကတော့ဘဲ

- အမောင်ဆည်းပူး နိုင်စေလသေး။ အပိုဒ်-၄၉
- ဘဘွားကျဉ်ခဲ ခိုင်စေလသေး။ အပိုဒ်-၅၀
- ဆုတောင်းတံစိုး ပိုင်စေလသေး။ အပိုဒ်-၅၁
- ထိပ်ခေါင်အဖျား တိုင်စေလသေး။ အပိုဒ်-၅၂

-အစရှိသည်ဖြင့် အပိုဒ်အချများတွင်ပါ ‘လ’ကို ထည့်သွင်းထားသည်။ မည်မျှများသနည်း ဆိုသော် ပါရမီခန်းပျို့ အပိုဒ် ၆၀ ကျော်ခန့် ‘လသေး’ ထည့်၍ ချထားသည်။


mgyoe.com

ထို့ပြင် ဆုတောင်းခန်းပျို့တွင်

- တရားဆိမ်း လညို့တည်း။ အပိုဒ်-၂
- ပြစ်များကြိုးနှယ် လခွေတည်း။ အပိုဒ်-၄၉

-ဟူ၍ အချပိုဒ်များ ရေးထားပြန်သေးသည်။

ကဗျာတွင် 'လ'ထည့်၍ ပါဒပြည့်အောင် ဖြည့်ခြင်း, အချပိုဒ်များတွင် 'လသေး'ဟူ၍ 'လ'ထည့်၍ ချခြင်းတို့သည် ထိုခေတ်၏ ကဗျာဖွဲ့ဟန်တစ်မျိုး ဖြစ်ချင် ဖြစ်နိုင်သည်။ သို့မဟုတ် ရှင်မဟာသီလဝံသ နှစ်ခြိုက်သည့် သူ့ရေးဟန် လည်း ဖြစ်နိုင်သည်။

ထိုရေးဟန်ကို ရှင်ဥတ္တမကျော် မျက်စိနောက်ဟန်, နားကန့်လန့်ဝင်ဟန် တူသည်။

ဦးအောင်၏ အရေးအသားအရ ရှင်မဟာသီလဝံသသည် ရှင်ဥတ္တမကျော်၏ သူငယ်ချင်းလည်း ဖြစ်ရာ၊ ရှင်မဟာသီလဝံသကို ကျီစယ်လိုစိတ်လည်း ရှိပုံပေါ် သည်။ ဤသည်ကြောင့် ထို'လ'ထည့်ရေးဖွဲ့မှုကို ရှင်ဥတ္တမကျော် အရွဲ့တိုက် လိုက်သည့်အခါ သူ၏ နာမည်ကျော်

သီးမျိုးခိုင်ညှာ လပွတ်တည်း။
ဘီလူးသွားကို လဖြဲတည်း။
တောကြက်တောင်ပံ လဖြန့်တည်း။
မုဆိုးချုံက လချောင်းတည်း။

-အစရှိသော နာမည်ကျော် 'လ' ၄ လုံးနှင့် တောလားကဗျာ ပေါ်လာ တော့သည်။

ရှင်ဥတ္တမကျော်၏ လပွတ်, လဖြဲ, လဖြန့်, လချောင်း အစရှိသော 'လ' ၄ လုံးကို နှောင်းဆရာများက ရှင်ဥတ္တမကျော်၏ဂုဏ်ရည်ကို ထိပါးမည် စိုးပြီး၊ ဂါမ္ဘဒေါသသင့်သည်။-ဟု မဝေဖန်နိုင်ကြစိမ့်သောငှာ အမျိုးမျိုး ဖာထေးပြီး အဓိပ္ပာယ်ဖွင့်ကြပါသည်။ ထို လ ၄ လုံးကို မည်သို့မျှ အဓိပ္ပာယ် ဖြေလျှော့ရှောင်ရှား

mgyoe.com SAMPLE BOOK

အနက်ဖွင့်ရန် မလိုပါ။ ရှင်ဥတ္တမကျော်၏ အစွဲတိုက်တတ်သည့် စိတ်သဘောထား ကြောင့် ပေါ်လာခြင်းသာ ဖြစ်သည်။

ဖော်ပြခဲ့ပြီးသော တောလားအပိုဒ် ၉ တွင် ဘုရားရှင်က ရှင်ဥတ္တမကျော် အား 'နောင်တွင် ဘုရားဖြစ်လိမ့်မည်။' ဟု ဗျာဒိတ်ပေးခဲ့ပြီးကြောင်း ထည့်ရေး ထားရာ၊ 'ရှင်မဟာသီလဝံသတို့ကမူ ဆုတောင်းနေရသေးသည်။ သူ(ရှင်ဥတ္တမ ကျော်)က ဗျာဒိတ်ပင် ရပြီးဖြစ်နေသည်။' မပြောသော်လည်း ပြောနေသကဲ့သို့ ဖြစ်သည်။ ဤအဖွဲ့အနွဲ့သည်လည်း 'ရှင်ဥတ္တမကျော်၏ ကျီစယ်ရွှင်ပြုံးစိတ်ဖြင့် အစွဲတိုက်ခြင်း'ဟု ဆိုနိုင်သည်။

ရှင်ဥတ္တမကျော်၏ ထိုအစွဲတိုက်တတ်သည့် ဝါသနာကို ဦးအောင် ကြိုက် သည်။ ခက်ထန်ကြမ်းတမ်းသည့် နန္ဒောပနန္ဒနဂါးမင်းကို ရှင်မဟာမောဂ္ဂလာန် ဆုံးမသကဲ့သို့၊ ခက်ထန်မောက်မာသော ခုံတော်မောင်ကျဖမ်းကို ဦးအောင်က ရှင်ဥတ္တမကျော်အား ဆုံးမစေသည်။ ခုံတော်မောင်ကျဖမ်းကို ဆုံးမရမည့် ရှင်ဥတ္တမကျော်သည် ငယ်စဉ်ကပင် ကော်ကော်ကတ်ကတ် ဆိုတတ်ပြောတတ်သူ ဖြစ်ကြောင်း အစပျိုးထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းသည်။

ရှင်မဟာသီလဝံသအလောင်း မောင်ညိုနှင့် ရှင်ဥတ္တမကျော်အလောင်း မောင်ဥက္ကာတို့ တောင်တွင်းကြီးမြို့ ရဝံနာဗိမာန်ကျောင်းအောက်၌ ကစားရင်း စာစပ်ကြပုံများ၊ နတ်မှီးလင်းဆရာတော် ဦးသီလစာရ စာစပ်မှားသည့်ကို ပြင်ဆင် စာစပ်ပေးကြပုံများကို ကြည့်လျှင်၊ ၎င်းတို့၏ ဉာဏ်ရည်အစွမ်းကို မြင်နိုင်သည်။ စာစသင်သည့်အခါ 'နမောဗုဒ္ဓါယသိဒ္ဓံ၊ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ့၊ အား'ဆိုရသည်။ ထိုစာထဲတွင် ရှင်ဥတ္တမကျော်အလောင်း သူငယ်က 'ငှက် ၃ ကောင်ပါသည်။'ဟု ကတ်သီးကတ်သတ် ငှက် ၃ ကောင် ရှာပေးခန်းနှင့် ရန်ကြမ်းသည့် အဓိပ္ပာယ်ရှိသော 'ဣတ္ထိ ဗိဖ် အဟံဝန္နာမိ' ပါဠိပုဒ်ကို ရှင်ဥတ္တမ ကျော်အလောင်းသူငယ်က ဘုရားရှိခိုးအဖြစ် နိဿယပြန် အနက်ပေးခန်းတို့သည် ရှင်ဥတ္တမကျော်၏ ကော်ကော်ကတ်ကတ်သဘာဝ ပေါ်အောင်ရေးထားခြင်းတို့


mgyoe.com

mgyoe.com


ဖြစ်သည်။ ဤသို့ ကော်ကော်ကတ်ကတ်ပြုတတ်သူ၊ အရွဲ့တိုက်တတ်သူ ရှင်ဥတ္တမကျော်သာ ခုံတော်မောင်ကျဖမ်းကို ဆုံးမခိုင်းခြင်းဖြင့် ဦးအောင်သည် စရိုက်ညီအောင် ရေးဖွဲ့လိုက်သောအခါ 'ကဝိသေနင်္ဂဗျူဟာကျမ်း' သည် ကျော်ကြားလူကြိုက်များလာရခြင်း ဖြစ်သည်။

ဦးအောင်ရေးသားသည့် စာများကို အကြိုက်များကြသည်။ ထိုခေတ်ထိုကာလကပင် အကြိမ်ကြိမ်ပုံနှိပ်ရပြီး ဦးပေါ်ဦးနှင့် သင်္ချာဆရာတော်တို့အကြောင်း ရေးသားသည့်စာများကို အခြားဆရာများကပါ အပြိုင်အဆိုင် ရေးသားလာကြသည်အထိ ပေါ်လွင်လာခဲ့သည်။ ဦးအောင်၏ ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိနှင့် ဦးအောင်၏စာများကို ထိုကာလကတည်းက ပညာရှင်များ စိစစ်အကဲဖြတ်လာကြသည်။

ပထမဆုံး စဉ်းစားဖော်ပြလာကြသည်မှာ ဦးအောင်၏ ဖခင်အကြောင်းဖြစ်သည်။ ဦးအောင်သည် မိမိဖခင်၏ရာထူးကို စာအုပ်တစ်မျိုးလျှင် ရာထူးတစ်မျိုးနှင့် ပြောတတ်သည်။ ထို့ပြင် 'အကြီးတော်ချုပ်' ဆိုသော ရာထူးကို အရေးအသားများပြန်သည်။ နန်းဓလေ့ နီးစပ်ကျွမ်းကျင်သူများ၊ နန်းဓလေ့ကို သုတေသနပြုနေသူများက 'မြန်မာမင်းများခေတ်က နန်းတွင်းရာထူးများတွင် အကြီးတော်ချုပ်ဆိုသောရာထူး မရှိ။' ဟု ဆိုကြသည်။ 'အကြီးတော်' ဆိုသည်မှာ မင်းသားများကို အရွယ်ရောက်သည်အထိ ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ပေးရသူများ ဖြစ်သည်။ ထိုမင်းသား၏ နှလုံးရည်၊ လက်ရုံးရည်များ တိုးတက်ဖွံ့ဖြိုးလာစေရန် တာဝန်ယူရသူများမှာ အကြီးတော် ဖြစ်သည်။ 'ထိုအကြီးတော်များကို အုပ်ချုပ်ရသူ' ဟူ၍ မရှိသောကြောင့် 'အကြီးတော်ချုပ်တာဝန်နှင့် ထမ်းရွက်ခွင့်ရသူ မရှိ။' ဟု ဝေဖန်ကြခြင်း ဖြစ်သည်။

ဦးပေါ်ဦးလျှောက်ထုံး ပေါ်လာသောအခါ ဦးပေါ်ဦး၏ ရာထူးတာဝန်များသည် သမိုင်းမှတ်တမ်းများတွင် ပါဝင်နေခြင်း မရှိသောကြောင့် ဝက်မစွတ်ဝန်ထောက်မင်း၊ ပုဂံဝန်ထောက်မင်း ဦးတင်နှင့် ကျောက်စာဝန် မစ္စတာဒူရွိုင်ဆယ်


mgyoe.com

m-g y o e . c o m

တို့ ၃ ဦး ညှိနှိုင်းဆွေးနွေးပြီး စစ်တမ်းထုတ် မှတ်ချက်ရေးကြသည်။ 'ထိုစာအုပ်တွင် ရာဇဝင်ဆိုင်ရာအချက်များ များစွာ မှားယွင်းချက် ရှိသည်။' ဟု ထုတ်ပြန်သည်။

'ဦးအောင် ရေးသားသောစာများသည် ဖော်ပြပြီးဖြစ်သောအမှားများ ပါဝင်နေသောကြောင့် ဦးအောင် မကွယ်လွန်မီက မိမိမေးမြန်းဖူးသည်။'ဟု ဦးမြင့်ဆွေက ဆိုသည်။ 'ထိုစာများ ရေးသည့်အခါ အထောက်အမှတ်အသား ရှိပါသလား။' ဟု မေးသည့်အခါ၊ 'အမှတ်အသား ရှိသည်။' ဟု ဖြေကြောင်း၊ 'သင်္ဂဇာစကားပုံစာအုပ်များ' ဆောင်းပါးတွင် ဦးမြင့်ဆွေက ထည့်သွင်း ရေးသားဖူးသည်။

ထိုနည်းတူ အခြားသူများက မေးမြန်းကြသည့်အခါ ဦးအောင်က 'ပုရပိုက်ဖြူ အထောက်အထားရှိသည်။' ဟု ဖြေကြောင်း ရေးသားထားသည်များကိုလည်း ဖတ်ရှုရသည်။ ဦးအောင်ကိုယ်တိုင်ကလည်း သူ၏စာများအတွင်း၌ ပုရပိုက်ဖြူမှရသည့်သဘော ပုရပိုက်ဖြူကို မကြာမကြာ ကိုးကားရေးလေ့ရှိသည်။ သို့သော် 'မည်သည့်အမှတ်အသား ပုရပိုက်ဖြူ' ဟူ၍ ဦးအောင်ကိုယ်တိုင် ဖြေရှင်းရေးသားသည်ကိုတော့ ပြုလုပ်ခဲ့ဟန် မတွေ့ပေ။

ဦးအောင်၏စာများမှာ ဖတ်ရှု၍ ကောင်းသည်မှာတော့ အငြင်း မထွက်ပေ။ သို့သော် စာပါအချက်အလက်များအပေါ် ဝေကန်အဖြစ် လက်ခံယူဆရေးသားရန်ကား များစွာစဉ်းစားဖွယ် ရှိသည်။

'ကဝိသေနင်္ဂဗျူဟာ'စာအုပ်ကို ကိုးကားမှီငြမ်းပြု၍ 'ပထမ အင်းဝခေတ်တွင် ခုံတရားစီရင်ရေး ပေါ်လာပြီ။' ဟူသော အချက်အလက်။ 'ရပ်ရွာ ရဟန်းရှင်၊ လူများ သဘောကျလျှင် သမ္မတခုံအဖြစ် တင်မြှောက်နိုင်သည်။' ဆိုသော အချက်အလက်။ အမှုစစ်ဆေးကြရာတွင် ပုဂံမှ မောင်ကျဖမ်းနှင့် ပဲခူးမှ မောင်မိုး ပရိသတ်ရှေ့တွင် ဤသို့ ဤသို့ ပြောဆိုလျှောက်လဲကြပါသည်။-ဆိုသော အချက်အလက်နှင့် ခုံတော်မောင်ကျဖမ်းသည် အင်းဝတွင် ခုံတရားသူကြီးအဖြစ် ဆောင်ရွက်စဉ် ထိုထိုအမှုများ၌ ဤသို့ စီရင်ဆုံးဖြတ်ခဲ့ပါသည်။-ဆိုသော အချက်အလက်တို့ကို


m g y o e . c o m

mgyoe.com  SAMPLE BOOK 

အင်းဝခေတ် တရားစီရင်ရေးအဖြစ် သုတေသနပြု မရေးသားမိရန် လိုသည်။ 'ခုံတော်မောင်ကျဖမ်း' ဆိုသူပင်လျှင် အမှန်တကယ် ရှိခဲ့၊ မရှိခဲ့ ဆိုသည်ကိုလည်း ချင့်ချိန်ရန် လိုသည်။

'ကဝိသော်နကံဗျူဟာ'စာအုပ်ပါ အချက်အလက်များကို ကိုးကား၍ စာပေသမိုင်းတွင် ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်တို့၏ အတ္ထုပ္ပတ္တိများ၌ ထိုအချက်အလက်များအတိုင်း ရေးသားခဲ့ကြပြီး ဖြစ်သည်။ 'ရှင်ဥတ္တမကျော် ရေးသားပြုစုသည်။'ဆိုသော ကျမ်းများစာရင်းကို မောင်သုတက ခိုင်လုံသော အထောက်အထား မတွေ့ရသေးမီ လက်မခံသေးသည့်သဘော မှတ်ချက်ပြုထားသည်။ 'ရှင်ဥတ္တမကျော် ရေးသားပြုစုသော ကျမ်းများ' ဟူ၍ ဦးအောင် ရေးသားထားသည့် ကျမ်းများကို ဦးယံ၏ ပိဋကတ်တော်သမိုင်းတွင် 'ပြုစုသူကျမ်းနိဂုံးမပါ။'ဟု ဖော်ပြထားသည်။ ဤသို့ဖော်ပြခြင်းမှာ ဦးယံ ကျမ်းမနှံ့စပ်၍ဟု ဦးအောင်က ဆိုသည်။ ဦးအောင်သည် မိမိရေးသားသည့် စာများနှင့်ပတ်သက်၍ သူ့ဖက်က အမာခံအကာအကွယ်တော့ အမြဲယူထားသူ ဖြစ်သည်။

ရှင်ဥတ္တမကျော် အတ္ထုပ္ပတ္တိစာအုပ်နှင့်ပတ်သက်၍ ရှင်ဥတ္တမကျော်တောလားကို သတိရစေသည်။ ထိုတောလားတွင်

'တိမ်ညိုမိုလ္လာ၊ တိမ်စူကာနှင့်၊
တိမ်ပြာရောယှက်၊ မရန်း ဖက်၍၊
တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်၊
မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့၊
ညို့ခဲ့တစ်လီ၊ ရီခဲ့တစ်ပုံ၊
မှုန်ခဲ့တစ်ချက်'-ဟူ၍ ပါသည်။

တိမ်တို့သဘာဝသည် ရောင်စုံယှက်သန်းနေသည့်ဟန် ဖွဲ့သည်။ လှလည်းလှကြပါသည်။ မှောင်လိုက်၊ ပြာလိုက်၊ ညိုလိုက်၊ ရီလိုက် ဖြစ်နေကြသည်။ အရောင်အမျိုးမျိုး၊ အရုပ်အမျိုးမျိုးနှင့် လှပနေသောတိမ်ပန်းချီသည် ကြည့်ရင်း


mgyoe.com

ကြည့်ရင်း ဝေသွားကြသည်။ ဝါးသွားကြသည်။ 'တိမ်ပန်းချီသည် ဤသို့' ဟု ခိုင်မြဲသောပုံပန်းသဏ္ဍာန် ဖမ်း၍မမိပေ။

ဆရာဇော်ဂျီက

'နေလုံးရယ်နီ၊
တိမ်ပန်းချီ နေသွေးနဲ့၊ နတ်ရေးသည်သို့'

-ဟူ၍ ဗေဒါလမ်းကဗျာတွင် ရေးခဲ့သည်။ တိမ်ပန်းချီသည် နတ်ရေးသကဲ့သို့ လှပပါသည်။

ထိုနည်းတူ ဦးအောင်၏ စာတိမ်ပန်းချီများသည်လည်း လှပပါသည်။ ဖတ်ရှုချင့်စဖွယ် ဖြစ်ပါသည်။ ယနေ့တိုင် အောင်မြင်ကျော်ကြားမြဲ ဖြစ်ပါသည်။ တိမ်ပန်းချီပုံများ မခိုင်မြဲသကဲ့သို့ ရေးဖွဲ့သောအချက်အလက်များနှင့် သမိုင်းအထောက်အထားများအတွက်မူ သူလည်း တိမ်ပန်းချီပင်။

ဆရာဇော်ဂျီကပင် ထိုဗေဒါလမ်းကဗျာအတွင်း၌

'အိုအချင်း ကျူရိုးရှင်၊
သူ့မူရာ သူ့အတင်း၊ မင်း ဆိုခဲ့စဉ်၊
မင့်ကိုယ်လဲ မင်းပင်လျှင်၊ ဘာထင်လို့လေလဲ။'

-ဟု ဆက်ဖွဲ့ပါသည်။

'မင့်ကိုယ်လဲ မင်းပင်လျှင်၊ ဘာထင်လို့လေလဲ။' ဆိုသည့်အတိုင်း မိမိကိုယ် မိမိ ပြန်လည်ဆန်းစစ်ရလျှင် ကဝိသေနင်္ဂဗျူဟာစာအုပ်ပါ အချက်အလက်များ အတွက် ခိုင်မာသော သမိုင်းအထောက်အထား ပေပုရပိုက်များ တွေ့ရလေလျှင် ယခုလေ့လာသုံးသပ်ချက်များသည် တိမ်ပန်းချီ ဖြစ်သွားပါလိမ့်မည်။

ဦးအေးချို-မဟာဝိဇ္ဇာ

---

* 'အင်းဝမဲထီးကျောင်းတိုက်အနီးတွင် နံ့တော်မောင်ကျွဲမ်း နေသောရပ်ကွက် ရှိသည်။-ဟု သိရကြောင်း'- ဆရာ ကာတွန်းဘတွေး၏ 'အင်းဝ တံတားဦး' ဆောင်းပါး သွေးသောက်မဂ္ဂဇင်း ၁၉၇၇ ခု နှစ်လထုတ်တွင် ဖော်ပြခဲ့ဖူးသည်။ ။ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com


ကျမ်းကိုးစာရင်း


၁- ကလောင်စုံ။ ။'ရှင်မဟာသီလဝံသ'- စာဆိုတော်နေ့အထူးထုတ်၊ စာပေလောက ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၁-၃-၁၉၇၄။
၂- 'ကိုင်းစားမနုရာဇာလျှောက်ထုံး ခေါ် မဟာရာဇသတ်ကြီး'-ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၁၀ ပြည့်နှစ်။
၃- ကျော်အောင်နိုင်၊ ဦး။ ။'မြန်မာ့ခုံတရားစီရင်ရေး'- တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၁၆၊ အပိုင်း ၄၊ ၁၉၈၂ ခုနှစ်၊ ဇူလိုင်လ။ (စာ-၆၃-၆၉)
၄- စိုးညွန့်၊ ဦး။ ရာပြည့်။ ။'၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ အတ္ထုပ္ပတ္တိအကျဉ်း- ဒုတိယတွဲ'- ရန်ကုန်မြို့၊ ရာပြည့်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၀။
၅- တိုးလှ၊ ဒေါက်တာ။ ။'ကုန်းဘောင်ခေတ် မြန်မာ့လူမှုအဖွဲ့အစည်းနှင့် တရားမ မှုခင်းများ'- ရန်ကုန်၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၊ ပထမအကြိမ်၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ။
၆- တိုးလှ၊ ဒေါက်တာ။ ။'စာပေမှတ်တမ်းများကပြောသော မြန်မာ့သမိုင်း (အေဒီ ၁၃၆၄-၁၈၈၅)'- ရန်ကုန်မြို့၊ လင်းရတနာစာအုပ်တိုက်၊ ပထမ အကြိမ်၊ ၂၀၀၉။
၇- တင်၊ ဦး။ ။'မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း-စတုတ္ထတွဲ'- ယဉ်ကျေးမှုဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန။
၈- နန်းညွန့်ဆွေ၊ တည်းဖြတ်သူ။ ။'ဟံသာဝတီ ဆုံးမစာပေါင်းချုပ်'- ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ဒုတိယအကြိမ်၊ ၁၉၆၁ ခုနှစ်။
၉- ဖေမောင်တင်၊ ဦး။ ။'မြန်မာစာပေသမိုင်း'- ရန်ကုန်မြို့၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၅။
၁၀- မဟာဓမ္မသင်္ကြံ။ ။'သာသနာလင်္ကာရစာတမ်း'- ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၆ ခုနှစ်။
၁၁- မာဃ၊ ဆရာ။ ။'စာဆိုတော်ကြီး ရှင်မဟာသီလဝံသ'- ရန်ကုန်မြို့၊ မာလာစာပေ၊ ပထမအကြိမ်၊ ၁၉၇၁။
၁၂- မောင်သာနိုး။ ။'ဂန္ထဝင်မြန်မာကဗျာ'- ရန်ကုန်၊ ကမာရွတ်စာအုပ်၊ ပထမအကြိမ်၊ ၂၀၀၆။
၁၃- မောင်သုတ။ ။'စာဆိုတော်များ အတ္ထုပ္ပတ္တိ'- ရန်ကုန်မြို့၊ ရာပြည့်စာအုပ်တိုက်၊ ပဥ္စမအကြိမ်၊ ၂၀၁၂ ခုနှစ်။



mgyoe.com

၁၄- မြင့်ဆွေ၊ ဦး။ ။'ကိုလိုနီခေတ် စာပေလှုပ်ရှားမှု'- ရန်ကုန်မြို့၊ မြန်မာပြည်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၁၉၇၀။
၁၅- ယံ၊ ဦး။ (မင်းကြီးမဟာသီရိဇေယသူ)။ ။'ပိဋကတ်တော်သမိုင်း'- ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉။
၁၆- ယံ၊ ဦး။ (မင်းကြီးမဟာသီရိဇေယသူ)။ ။'ရှင်ရဋ္ဌသာရ၊ ရှင်တေဇောသာရ၊ ရှင်အဂ္ဂသမာဓိ၊ ရှင်သီလဝံသ အဋ္ဌုပ္ပတ္တိ'- တက္ကသိုလ်များစာအုပ်ပြုစုထုတ်ဝေရေး ကော်မတီ၊ ပေပုရပိုက်စာစဉ်၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၄။
၁၇- ရဋ္ဌသာရ၊ ရှင်မဟာ။ ။'စတုဓမ္မသာရ ကိုးခန်းပျို့'- ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာ ပုံနှိပ်တိုက်။
၁၈- ရဋ္ဌသာရ၊ ရှင်မဟာ။ ။'သံဝရပျို့'- ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်။
၁၉- ရန္တမိတ်ကျော်ထင်။ ။'ရေစကြိုခုံတော်ဖြတ်ထုံး'- မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅။
၂၀- လှသမိန်။ ။'ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်'- ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁ ခုနှစ်။
၂၁- သီလဝံသ၊ ရှင်မဟာ။ ။'ဆုတောင်းခန်းပျို့'- ရန်ကုန်မြို့၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။
၂၂- သီလဝံသ၊ ရှင်မဟာ။ ။'ပါရမီတော်ခန်းပျို့'- ရန်ကုန်မြို့၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။
၂၃- သန်းထွန်း၊ ဒေါက်တာ။ ။R.O.B. Vol I၊ ၁၉၈၃။
၂၄- သန်းထွန်း၊ ဒေါက်တာ။ ။'ဖြတ်ထုံးထဲကသမိုင်း'- မြန်မာသမိုင်း ရှာပုံတော်၊ ရန်ကုန်မြို့၊ ဒေါင်းစာပေ၊ ပထမအကြိမ်၊ ၂၀၀၃ အောက်တိုဘာ (စာ ၇၇-၈၈)
၂၅- ဩဘာသာဘိဝံသ၊ အရှင်။ ။'သုတေသနသရုပ်ပြအဘိဓာန်'- ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၂၀၀၂ ခုနှစ်။
၂၆- အောင်သန်းထွန်း၊ ဦး။ ။'မြန်မာဓမ္မသတ်သမိုင်း-တတိယတွဲ'- ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်။


mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ဘုရားမုနိဒ် မင်းစံထိပ်မှ ခတ်နှိပ်တော်မူခဲ့သော ဗျာဒိတ်တော်အရ သာသနာ့သိုက်, သိကြားသိုက်နှင့် ဓာတ်ကြိုက်စုလင် မြေအပြင်ဝယ် ကြန်အင်မင်္ဂလာညီညွတ်စွာဖြင့် ရတနာပူရ အင်းဝနေပြည်တော်ကြီးကို မင်းထီးအာဒိကမ္ဘိကပြု၍ ဖန်ဆင်းတော်မူသော လူတို့ဥက္ကဋ္ဌ လောကနတ်သေဌ်နင်း တန်ခိုးလင်းသော သတိုးမင်းဖျား၏နောက် ၁၀ ဆက်မြောက်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော၊

သိရိတြိဘုဝနာ ဒိတျပဝရ မဟာဓမ္မရာဇာဓိပတိ ဘွဲ့ခံ နရပတိမင်းတရားလက်ထက်တော်မှ 'ဂ'ငယ် ၃ ခု ဥဿျစ်ထုအဆို အင်းဝပျက်ပြို ရှမ်းမင်းသိုဟန်ဘွားလက်ထက်ရောက် မင်း ၆ ဆက်တိုင်တိုင် ပုံ့လှိုင်တေဇော် မြေပေါ်မဆံ့ အံ့ဖွယ်ထူးခြား 'အရှင်ဥတ္တမကျော်, အရှင်သီလဝံသ, ရှင်အုန်းညို, ရှင်ခေမာ' ဟူသော ရှင်ကျော် ၄ ပါးတို့ကို 'ပေ ၄ ပင်, ရှင် ၄ ပါး' ဟုခေါ်တွင်ရာ-

'အရှင်မဟာသီလဝံသ'ကား အထူးသဖြင့် နေ,လ အသွင် ကျော်စော T လွှင်ပြီး ဖြစ်၍၊ မပေါ်တိမ်မြုပ် နစ်ငုပ်၍နေသော ပေ ၄ ပင်, ရှင် ၄ ပါးတွင် ထင်ရှားအစဉ် ၁ ပါးဝင်သည့် တောင်တွင်းကြီးမြို့၏ နေလုလင် ထူးကဲဂုဏ်အင် သီလက္ခန်အစ ပညက္ခန်အဆုံး သိမ်းကျုံးလုံလောက်သော အရိယာဝံသ ပါမောက္ခသခင် သုဒ္ဓိဖြူစင်ရဟန္တာအသွင် စိတ်မှတ်ထင်ရသည့် အရှင်ဥတ္တမကျော် ဆရာတော်နှင့် ပုဂံမြို့နေ ခုံတော်မောင်ကြဲဖမ်းတို့၏ စကားစစ် တရားစစ်ထိုးခန်းဖြစ်သော၊

အောက်၌ဖော်ပြထားသည့် အင်္ဂါ ၉ ပါးနှင့် ပြည့်စုံဖွယ်ရာ 'ကဝိသေနင်္ဂဗျူဟာ'အမည်ရှိသောကျမ်းသည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏လက်ထက် မဟာဥပရာဇာမင်းတရားကြီးဝန် အကြီးတော်ကြီးမင်းသားအပေါင်းနှင့် အကြီးတော်အပေါင်းတို့ကို အုပ်ချုပ်ရသော ထီးလှိုင်မြို့စား မင်းသားအုပ်ကြီးတော်ချုပ် ဝန်ကြီး


mgyoe.com

'မင်းကြီးမင်းလှမဟာ ဥစ္စနာ' ၏သား ဗဟုဿုတ သုတပွားလူး ဉာဏ်ရည်မြှူးကဝိ ပညာရှိ 'ဦးအောင်' သည် ပညာလိုလား အမျိုးသားတို့အလို့ငှာ ရေးသားစီရင် တီထွင် ပြုစု၍ထားသည်ကို ရန်ကုန်မြို့ ပန်းရွှေပြည်စာအုပ်တိုက်က သိုက်မြိုက်သေချာ တည်းဖြတ်ကာဖြင့် ကောင်းမွန်သေသပ်စွာ ပုံနှိပ်လိုက်ပါသည်။

ဤကျမ်း၌ပါရှိသော ဂုဏ်အင်္ဂါတို့ကား-

၁- ဝိနည်းမိုရ်ပြုလုပ်လိုသော သံဃာတော်အရှင်မြတ်တို့မှာ လွယ်လင့်စွာ ဝိနယဓရ ဖြစ်တော်မူနိုင်ခြင်း။

၂- လွှတ်တော်, ရုံးတော်၌ ရှိတော်မူကြကုန်သော မြို့ပိုင်, တရားပိုင် အစရှိကုန်သော ရာထူးရှင်မင်းမြတ်တို့မှာ ခဲခက်သောအရာ တွေ့ကြုံပါက အပင်အပန်းခံ၍ ကြံစည်ခြင်းမရှိဘဲ လွယ်လင့်စွာ ကောက်ချက်ဖြတ်စာချပေးတော် မူနိုင်ခြင်း။

၃- ဝတ်လုံတော်ရ, အမိန့်တော်ရ စသောမင်းတို့မှာလည်း ဆင်ခြေကောက်လဲ ဆစ်ပိုင်းဆွဲခြင်း အရာတို့၌ များစွာနားလည် တတ်မြောက်တော် မူနိုင်ခြင်း။

၄- မြို့အုပ်လောင်း, ဝန်ထောက်လောင်းဖြစ်ကြကုန်သော 'အိုင်အေ, ဘီအေ, အမ်အေ' စသော စာမေးပွဲတန်းကြီးဝင် ဖြစ်သူတို့မှာ ခက်ဆစ်ခက်ရာ ဆိုင်ရာဆိုင်ရာတွင် နည်းဥပဒေသပြု၍ တက်မြောက် အောင်မြင်တော်မူနိုင်ခြင်း။

၅- လေခအမတ် ခေါ်ပညတ်သော စာရေးတော်ကြီးမင်းတို့မှာ စာစီစာကုံး အန္တန်းအဖွဲ့ ဟူသမျှတို့၌ ကျကျနန ယဉ်ကျေးဖွယ် တတ်ကျွမ်းနားလည်တော် မူနိုင်ခြင်း။

၆- သီတင်းသီလနှင့် နေထိုင်တော်မူလေ့ရှိကြကုန်သော ဘုရားဒါယကာ, ကျောင်းဒါယကာ စသော လူကြီးမင်းတို့မှာလည်း သံဝေဂမွေ့ ရတော်မူနိုင်ဖွယ် ပြောဟောခြင်းအရာများစွာ နည်းယူဖွယ်တို့နှင့် ပြည့်စုံနိုင်ခြင်း။



mgyoe.com

mgyoe.com 

၇- 'ပွဲစား, ရာဖြတ်' ခေါ်ပညတ်သော လူကြီးမင်း, သူဌေးမင်း စသော အသရေရှိမင်းတို့မှာလည်း ခြွေရံပရိသတ်ကို ပျင်းရိခြင်းမှပျောက်စေ၍ ရွှင်ပြုံးကြည်နူး ပျော်မြူးစေနိုင်ခြင်း။

၈- စာသင်နှနယ် ပုဂ္ဂိုလ်ငယ်တို့မှာလည်း သဒ္ဒဆေက, သဒ္ဒဝိဒူ ဖြစ်စေရန်ကို အဌကထာဖွင့်ပြသည့် အရိပ်ဋီကာ ဖွင့်ဟန်အရိပ်ကို နှိမိတ်ထင်ထင် သိမြင်တတ်မြောက် စေနိုင်ခြင်း။

၉- စာစီစာကုံး အနှုန်းအဖွဲ့နှင့် အသက်မွေးလေ့ရှိသော သူတို့မှာလည်း ဗဟုသုတအရာတွင် များစွာတိုးပွား၍ အကိုးအကားနှင့်တကွ အခိုင်အမာသက္ကရာဇ်စွဲ, ပြည်စွဲ, မင်းစွဲ စသည်တို့ကို သိကျွမ်းတတ်မြောက်စေရန် လွယ်လင့်စွာ ကောက်ယူသုံးစွဲ နိုင်ပါသည်။

ဤသို့ ပြဆိုခဲ့ပြီးသော ဂုဏ်အပေါင်းတို့နှင့် ပုံ့လျောင်းဖြိုးကြွယ်သော ကျမ်းဖြစ်ရကား 'ကပ္ပရက္ခာ' ပဒေသာမည်တွင် နတ်သစ်ပင်ကဲ့သို့ မှတ်ထင်တော်မူကြ ကုန်ရာသည်။


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ရတနတ္တယ ပဏာမ

၁– ဝိစိတြလောက စိတြေဟိ၊ ဖိနံ့ ဝိစိတြဒေသကံ။
မမ္ပဝိစိတြဒံစဿ၊ ဝန္ဒေ သံဃံ သုခေတ္တဖံ။ ။

ပထျာဝတ္တ ဂါထာ

၂– ဥပဇ္ဈာစေရော ယော မမ္ဗာ၊ စေရော မမ သိရိန္ဒဒေါ။
အပရေ သုတ ဒိဋ္ဌာယော၊ ဝန္ဒေ တေ သုဒ္ဓစေတသာ။ ။

ပထမ မကာရဝိပုလာ ဂါထာ

၃– ကိတ္တုတ္တမေန ထေရေန၊ ကျဖမ်းတိ အဋ္ဌဝါစိနော။
အပါကဋံ ယုဓမ္မာကျံ၊ ယမတ္တိ ယုဂဂါဟကံ။ ။

ပထျာဝတ္တ ဂါထာ

၄– ဗဟုဇ္ဈနာနမတ္တာယ၊ သာသနဿစ ဝုဗိယာ။
ပါကဋံ့ တမိစ္ဆန္တေဟိ၊ အမစ္စေတိ ဘိယာစိတော။ ။

တတိယ မကာရ ဝိပုလာ ဂါထာ

၅– ကဿာမိ ပါကဋံ ကတွာ၊ တေသံ ဝုဏ္ဏာ ဝဏ္ဏာယံ။
ကဝိသေနဂံဗျူဟံ တံ၊ နာမေနကဝိနန္ဒနံ။ ။

ပထျာဝတ္တ ဂါထာ

၆– ဗဟူနံ တု ဟိတက္ကာရံ၊ သုတိစ္ဆိတာန မဋ္ဌုညံ။
ပဿန္တု သာခဝေါ တံ မေ၊ ဣစ္ဆန္တာ သုတမဋ္ဌုညံ။ ။

ပထျာဝတ္တ ဂါထာ



mgyoe.com

mgyoe.com

၁- အဟံ၊ ထီးလှိုင်မြို့စား အကြီးတော်ချုပ် ဝန်ကြီး၏သား ထင်ရှားလှစွာ 'မောင်အောင်' ငါသည်။ တစ်နည်းကား- အဟံ၊ ဘေးနှင့်ဘိုးမှ ဘ,တိုင်မပျက် ဆက်လက်ပြီးကာ မဟာသတိုး ဘွဲ့ကြီးစိုးယျက် မြင့်ဖြိုးအာဏာ ဝှန်ဝါတောက်ထိန် ကဝိန်ကဝိ ဖြစ်တုံဘိ၍ ငါ၏မိခင် ငါ့ကိုပင်လျှင် ဖွားမြင်သန့်ရှင်း ဖွားမြောက်ခြင်း တွင် ရွှေတိုက်တော်တွင်း ရွှေစာရင်းဖြင့် တင်ဆက်သရသော ငါသွင်းသည်။ လောက စိတ္တေဟိ၊ သတ္တ, သင်္ခါ, ဩကာသဟူ၍ ဆန်းကြယ်ရာဆန်းကြယ် ကြောင်းဟူကုန်သော ဝတ္ထုပစ္စည်း တကာတို့ထက်။ ဝါ၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်း ဟူကုန်သော အံ့ဩဖွယ် ဆန်းကြယ်ကုန်သော သူတို့ထက်။ ဝိစိတြ၊ နှိုင်းယှဉ်ရန်အကြောင်း မိုကောင်းသည် မရှိ အတိမဟန္တ ရတနာ့အမွန်ကြီး မှန်တော် မူသောကြောင့် အလွန်အကြူး အထူးသဖြင့် ဆန်းကြယ်တော် မူပေထသော။ ဝိစိတြဒေသကံ၊ အစစ္စာသော နွေလဖဂ္ဂုဏမာသတွင် ပင်လုံးကျွတ်အက် ပရစ်ဖူးစီ ပွင့်သစ်သောအဖျားရှိသော တောအုပ်သည် ကျက်သရေအပေါင်းဖြင့် ပျံ့လှောင်း ကြည်လင်သည်ဖြစ်၍ ရှုမြင်သူတကာတို့၏ ဟဒယဝတ္ထု နှလုသည့်နှလုံးသားကို ယန္တရားစက်ဆင်၍ ကောင်းကင်ကလှုပ်သကဲ့သို့ ဆည်ချုပ်တားမြစ်ခြင်းငှာ မတတ် ရာအောင် လွန်စွာဆွတ်နူး ကြေကွဲခြင်းဖြစ်ရသကဲ့သို့။ ဝါ၊ ထိုတောအုပ်နှင့်တူစွာ နိဗ္ဗာန်သို့ ရောက်စေတတ်သော အလွန်ဆန်းကြယ်သော တရားတော်မြတ်ကို ဟောကြားတော်မူပေထသော။ ဇိနဉ္စ၊ ၅မာန်အောင်မြင် ဘုရားရှင်ကို လည်းကောင်း။ အဿ၊ ထိုဘုရားရှင်၏။ ဝိစိတြဒံ၊ 'လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ်, နိဗ္ဗာန် စည်းစိမ်'ဟုဆိုအပ်သော ရိပ်ငြိမ်ချမ်းသာ အံ့မခန်းဖြစ်သော အလွန်ဆန်းကြယ်သော အကျိုးကို ပေးစွမ်းနိုင်သော။ ဓမ္မဉ္စ၊ မဂ် ၄ တန်, ဖိုလ် ၄ တန်, နိဗ္ဗာန်ပရိယတ် ဆတ်ဆတ်ထင်ပေါ် တရားတော်မြတ်ကို လည်းကောင်း။ သုခေတ္တဇံ၊ ကုသိုလ် ကောင်းမှုတို့၏စိုက်ပျိုးရာ လယ်တာမြေကောင်းသဖွယ် ဖြစ်တော်မူသော။ သံဃဉ္စ၊ အရိယာ ၈ ဖော် သံဃာတော်မြတ်အပေါင်းကို လည်းကောင်း။ ဝန္ဒေ၊ ဂုဏ်တော် အပေါင်းအား ညွှတ်ပျောင်းရိုကျိုး ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။


mgyoe.com

mgyoe.com



ဤဂါထာဝယ် 'ဝိစိတြဒံ ဝိစိတြ မနုဿဒေဝ သုခံဒဒါတီတိ ဝိစိတြဒေါ' ဟုပြု။ 'ဆန်းကြယ်သော လူ, နတ် စသောချမ်းသာကို ပေးတတ်သည်'ဟူလို။

အကျိုးပေးဆန်းကြယ်ဟန်ကို သန္ဓိဋ္ဌိကော အကာလိကော- စသော ဂုဏ်တော်တို့ဖြင့် လည်းကောင်း၊ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ- စသော ပါဠိတို့ဖြင့်လည်းကောင်း သိအပ်၏။ ဤ၌ 'သဂ္ဂမောက္ခဒံ' ဟူသော ပါဠိကဲ့သို့ ဝိစိတြဒံ- ဟူ၍ မှတ်။ ။ အဿပုဒ်ကို အဿဓမ္မံ၊ သံဃံဟု သမ္ဗန္ဓပြု၍ ဓမ္မံ သံဃံ- ၂ ပုဒ်တို့၏ အယုဉ်သာမိတည်းဟု သိစေခြင်းမှာ ၂ ပုဒ်တို့၏အလယ်၌ ကာကော လောကန နည်းအားဖြင့် ထားသည်ဟု မှတ်။

၂- မမ၊ ငါ့အား။ ဝါ၊ ငါ၏။ သိရိန္ဒဒေါ၊ လောကီ,လောကုတ္တရာ ၂ဖြာသောကျက်သရေကို ပေးစွမ်းနိုင်သော။ ယောဥပဇ္ဈာစေရောစ၊ ရှာန, မဂ္ဂ ခုမရသော် မထလေပါ စေတနာနှင့် သေခါမြတ်သေး စိတ်သန်ရေးကြောင့် ဆင် ဘေး,သစ်,ကျား မကြောက်ငြားဘဲ တရားအားထုတ် ကြိုးပမ်းကုတ်လျက် ဓမ္မဿာဟစည်ကြီး ခတ်တီးရိုက်ထုလေ့ ရှိတော်မူပေသော ဗဒုံမြို့ကျေး ၄ ပါး စက်ရှိ သမ္ဗတ္တိဂိုဏ်း ပြည့်သမိုင်းနှင့် ညွန့်ဆိုင်းရွှန်းဝေ မိုး,ဆောင်း,နွေလျှင် ရာသီစဉ်ကို ရှုမြင်တပ်အပ် အကဲမှတ်၍ မခတ်တတ်ရာ စည်ပင်စွာသား 'မလဲသာ' မည်သီး ထိုရွာကြီးကို ကပ်မှီးဂေါစရဂါမ် တောအာရာမ်ဖြင့် ပျော်စံဣရိယ ယာပိုထ် မှုတတော်မူလေ့ရှိသော 'ဝိစိတ္တရာဘိလင်္ကာရကဝိဓဇ အတုလာဓိပတိ တိပိဋကရေ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု' လွှတ်တုခတ်နှိပ် တံဆိပ်မင်းစံ အလှူခံရသော 'သံဘိုတောရ ဆရာတော်ဘုရားကြီး'သည်လည်းကောင်း။ ဝါ၊ ရတနာလည်းတဝ မိဘလည်း တစ်သွယ် ဆရာဥပဇ္ဈာယ်လည်းတစ်ရပ် စိတ်စွဲမှတ်သဖြင့် ဆည်းကပ် ဝပ်လျှိုး နေ့စဉ်ကိုးရသော အရပာတ္တဓဇဘုန်းမော် အကြင် 'သံဘိုတောရ ဆရာတော် ဘုရားကြီး'သည်လည်းကောင်း။

ယောဓမ္မာစေရောစ၊ နာဂိန္ဒာဘိဓဇ သိရိပဝရ သဒ္ဓမ္မပါလ မဟာဓမ္မ ရာဇာဓိရာဇဂုရု သွန်းထုခတ်နှိပ် တံဆိပ်မင်းစံ အလှူတော်ခံရသော မဟာဝေယန် ဘုံကျော် စံပျော်တင့်တိုး 'မိုးကောင်းဆရာတော်'။



mgyoe.com

mgyoe.com

သုဇာတာဘိ လင်္ကာရ ကဝိဓဇ နာမပုံကြို ဇမ္ဗူကျော်သည်း ပွဲတင်ဟီးသား ဘုရားကြီးတိုက် တော်ရိုက်လှိုက်တုန် ယမိုက်စုံသည့် ဦးရန်ကုန်ဆရာတော်။

နန္ဒိယာဘိဓဇ ဘွဲ့ထူးသသည့် ဝစ္စဝါစက ဋီကာသစ်ကိုစီရင်သော အရှင် ဘုရားကြီး တိုက်အုပ်ဆရာတော်။

သုနန္ဒာဘိလင်္ကာရ ပရိယတ္တိဝိသာရဒ ပိဋကတ္တယ ကောသလ္လ သီလက္ခန္ဓ အစ ပညာက္ခန္ဓအဆုံး သိမ်းကျုံးထင်ပေါ် ဂဏဝါစကအကျော် 'စ' ၄ လုံးဂိုဏ်း ချုပ် 'ကိုးတောင်ဆရာတော်' ဟူကုန်သော အကြင် ဓမ္မာစရိယကောင်း ဆရာတော် အပေါင်းသည်လည်းကောင်း။

အပရေ၊ ဥပဇ္ဈာယ်ဆရာ ဓမ္မာစရိယ ဆရာတော်ဘုရားတို့မှ ကြွင်းကုန် သော။ ယေ သုတဒိဋ္ဌာစ၊ အကြင် ကြားဆရာ, မြင်ဆရာတို့သည် လည်းကောင်း။ သန္တိ၊ ရှိတော်မူကြပေကုန်၏။ (ဤ၌ သန္တိကို ထည့်ပါ။) တေ၊ ထိုဆရာသခင် ကျေးဇူးရှင်တို့ကို။ သုဒ္ဓစေတသာ၊ ဘယာလာဘ စသည်မဖက် သက်သက်စင် ကြယ်သော စိတ်ထားဖြင့်။ ဝါ၊ အနန္တဂိုဏ်း နက်ရှိုင်း ကျေးဇူး အထူးဂုဏ်ပေါင်း အောက်မေ့တည်တည် မနှောရည်လျက် သက်သက်စင်ကြည်သောစိတ်ထားဖြင့်။ ဝန္ဒေ၊ ဂုဏ်တော်၌ကို ချစ်ကြည်ညို၍ ရိုသေစွာရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

ဤအရာဝယ် ဥပဇ္ဈာစေရေ ယော ဓမ္မာစေရော သန္တိ- ဟူသည်၌ အင်္ဂါသိတ သချာအားဖြင့် ဗဟုဝုစ်ထား၏ ဟူ၍လည်းကောင်း၊ သုတဒိဋ္ဌာ၌ အာစေရာဟု ဝိသေသျမဖော်သော်လည်း ဥပဇ္ဈာစေရော- စသော ဆိုခဲ့ပြီး ၂ ပုဒ်ကိုထောက်၍ သိသင့်ပြီဖြစ်သောကြောင့် အဝုတ္တသိဒ္ဓိနည်းအားဖြင့် ထားသည်ဟု မှတ်တော်မူ ကြကုန်။


mgyoe.com

mgyoe.com SAMPLE BOOK

၃- ကိတ္တုတ္တမေနထေရေန၊ ပေ ၄ ပင်, ရှင် ၄ ပါးတွင် ထင်ရှားအစဉ် ၁ ပါးဝင်သည့် 'ရှင်ဥတ္တမကျော်' အမည်ရှိသော မထေရ်မြတ်နှင့် ကျဖမ်းတိ အင္ဂဝါစိန္နော၊ ဓမ္မသတ်,ရာဇသတ် ခဲခတ်ဖြတ်ထုံး လွှတ်ရုံး ၅ ရပ် မကြွဲတတ်အောင် ပတ်ပတ်မွေနှောက် ရှေ့နောက်ယှဉ်တွဲ ဆစ်ပိုင်းဆွဲ၍ ပြောင်းလွဲဆင်ခြေ စွမ်းရေပိုင်ပိုင် ကောက်ကျစ်စဉ်းလဲ၍ ကြံစည်နိုင်သောကြောင့် နိုင်ငံလုံးကျော်စော ထင်ရှားအောင် စကား, တရား ၂ ပါးစုံတတ်ကျွမ်းသဖြင့် 'မောင်ကျဖမ်း' အမည်ရှိသော ရှေ့နေ လူမော် ဓမ္မခုံတော်၏။ ယုဂဂါဟကံ၊ အပြိုင်အနိုင် လုယက်ယှင်င် ပြောဆိုကြ သော။ ယံယုဓမ္ဗာကျံ၊ အကြင် စကားစစ်, တရားစစ် ထိုးခြင်းသည်။ အပါကဋ္ဌံ၊ မထင်မရှားမပေါ်လွင် ညွန်တွင်ပတ္တမြား နှစ်သောလားသို့ ကြားဖူးလျက်ပင် စုံအလင်ကို ကုန်စင်စေ့င လုံးဝမကြွင်း တပေါင်းတည်း မတွေ့ရ, မဖတ်ရဖူးခြင်း သည်။ (အတ္တိကြိယာဝိသေသနမှာ စပ်) အတ္ထိ၊ ရှိ၏။

ဤဂါထာဝယ် 'ယုဒ္ဓဝါကျံ' ဟုဆိုအပ်လျက် ဆန္ဒာနုရက္ခဏာ အကျိုးငှာ 'ယုဓမ္ဗာကျံ' ဟု သံယောဂလောပ ဒွေဘာဝနှင့် ထားသတည်း။ ထိုပုဒ်ကို ယုဒ္ဓ္ဓာ့ အနေနောတိယုဒ္ဓံ' ဟု ကရဏသာဓ်ပြု။ စစ်ထိုးကြောင်းဖြစ်သော စကား ရ၏။ 'ဝစီယတေအနေနာတိဝါကျံ' ဟု ကရဏသာဓ်ပြု။ ကမ္မသာဓ်, ဘာဝသာဓ်တို့လည်း သင့်သည်ပင်တည်း။ ဤကား ပြောဆိုကြောင်းဖြစ်သောစကား ရ၏။ ယုဒ္ဓမေဝ ဝါကျံ သုဒ္ဓဗ္ဗာကျံဟု- ကမ္မဓာရယ်, သမာသ်တွဲလေ။

၄- တံဝစနက္ကမံ၊ တစ်ပိုင်းတစ်စ ကြားဖူးရုံမျှဖြစ်၍ ဂ,နသေချာ ကုန်စင် စွာပင် ခြင်းရာစေ့င မသိကြရဘဲ ရှိလျက်နေသော ထိုစကားဟောင်းအစဉ်ကို။ ဝါ၊ အစအဆုံး ပေါင်းရုံးမမှား မှတ်ဖွယ်များသော ထိုစကားဟောင်းအစဉ်ကို။ ပါကဋ္ဌံ၊ ဆီးနှင်း, သူရိန်, မြူတိမ်, မီးခိုး ညစ်မျိုးမခ သရဒ္ဒ နေ,လ ၂ ဖြာ ကဲ့ပမာသို့ ကောင်းစွာထင်မြင် ပေါ်လွင်ခြင်းကို။ ဣစ္ဆန္တေဟိ၊ လိုလားတောင့်တ တော်မူကုန်သော။ အမစ္စေဟိ၊ ဥက္ကလာပ နဂရဓေယျ ဒဂုန်မြို့ကြီး၏အတွင်း၌ ထင်လင်းသမ္ဘာ အာဏာပြန့်ပြင်း ဩဇာသင်းသော ပင်ရှင်အငြိမ်းစား ဝန်ထောက်


mgyoe.com

mgyoe.com

တော်မင်း 'ဦးမုန်း' နှလုံးနူးညံ့ ရန့်ဝေဆာ သတင်းသာအောင် ဥပါသကာပုဏ္ဏာရိက် ဂုဏ်ဟိတ်လောက်လွေ့* ပဋိသန္ဓေစိတ်နှင့်တကွ သိမ်မွေ့ကူးကဲလှစွာသော သမာဓိ မြို့ဝန်ကြီး 'ဦးရွှေပင်' ဟူကုန်သော အမတ်ကြီးတို့သည်။ ဗဟုဒ္ဓနာနံ၊ များစွာကုန် သောသူတို့၏။ အတ္ထာယစ၊ အကျိုးငှာ လည်းကောင်း။ သာသနဿစ၊ သာသနာ တော်၌လည်း။ ဝုဒ္ဓိယာစ၊ တိုးပွားမြားမြောင် စိမ့်သောငှာ လည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ အဘိယာစိတော၊ အလွန်အမင်းအပြင်းအထန် ဖန်ဖန်ထပ်ထပ် တောင်းပန်အပ်၏။

၅- တသ္မာ၊ ထိုကြောင့်။ အဟံ၊ ငါသည်။ တံ၊ ထိုအရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဖမ်းတို့၏ စကားစစ်၊ တရားစစ် ထိုးခန်းဖြစ်သော စကားဟောင်း ကို။ ပါကဋံကတွာ၊ ထင်ရှားပေါ်လွင်အောင်ပြု၍။ တေသံ၊ ထိုအရှင်ဥတ္တမကျော် ခုံတော်မောင်ကျဖမ်းတို့၏။ ဂုဏဥ္စ၊ မပေါ်တိမ်မြုပ် နစ်ငုပ်၍နေသော ဂုဏ်ပုဒ်ကို လည်း။ ဝဏ္ဏယံ-ဝဏ္ဏယန္တော၊ ပေါ်အောင်ထုတ်ပြီး ပွင့်အောင်ချီးလျှက်။ နာမေန၊ အမည်သညာ၊ ခေါ်စရာအားဖြင့်။ ကဝိသေနင်္ဂဗျူဟံ၊ ပညာရှိတို့ စကားစစ်ပြိုင်ရာ စစ်အင်္ဂါသဖွယ်ဖြစ်၍ 'ကဝိသေနင်္ဂဗျူဟာ'မည်သော။ ဝါ၊ ပညာရှိတို့သည် ခင်းအပ် သောစကားစစ် တရားစစ်အင်္ဂါ အဖြာဖြာတို့ပင် ကောင်းစွာပြည့်နှက် ပါရှိသဖြင့် 'ကဝိသေနင်္ဂဗျူဟာ' အမည်ရှိသော။ ကဝိနန္ဒနံ၊ ပညာရှင်တို့ ခင်မင်နှစ်သက် အပ်သော။ ဂန္ထံ၊ ကျမ်းကို။ ကဿာမိ-ကရိဿာမိ၊ ရေးသားတီထွင် ပြုစီရင်ပေအံ့။

ကဗျံဗန္ဓတီတိကဝိ။ ဝိယူဟတီတိဗျူဟော၊ ဝိပုဗ္ဗောဥဟဥဿာဟေ။ သိနုတိ ပရံဟိံသတီတိ သေနာ- ဟု အသီးသီးပြု၍ သေနာယအင်္ဂ သေနင်္ဂ၊ သေနင်္ဂမေဝ ဗျူဟာနတ္တန သေနင်္ဂဗျူဟာ။ ကဝိနံသေနင်္ဂဗျူဟာ ကဝိသေနင်္ဂဗျူဟာ ဟု သမာသ် တွဲလေ။ ပညာရှင်တို့ စကားစစ်ထိုးရာဖြစ်၍ စင်စစ်အားထုတ် တိုက်ခိုက်သော ပြည်ကြီးသဠ်နှင်း မင်းကေရာဇ်တို့၏ စစ်သည်အင်္ဂါနှင့်တူသောကြောင့် ဤကျမ်း သည်ကား 'ကဝိသေနင်္ဂဗျူဟာကျမ်း' မည်၏ဟူလို။

---

* လောက်လွေ့ = ပြည့်စုံသည်။ လုံလောက်သည်။

mgyoe.com

mgyoe.com


၆- တ၊ ကျမ်း၏အကျိုးကျေးဇူးနှင့်တကွ ဥယျောဇဉ်ကို ဆိုဦးအံ့။ ဗဟူနံ၊ များစွာကုန်သော သူတို့၏။ ဟိတက္ကာရံ၊ အစီးအပွားကိုပြုတတ်သော။ သုတိစ္ဆိတာနံ၊ သုတကို တောင့်တလိုလားကြကုန်သော သူတို့၏။ (ဤ၌ ဆန်းကြောင့် နိဂ္ဂဟိတ်ကျေ၏။) မဥ္ဇုသံ၊ တံတင်း သဖွယ်ဖြစ်သော။ မေ၊ ငါ၏။ တံ၊ ထို ဆိုလတ္တံ့သော ကျမ်းကို (သုတသေတ္တာကြီးကို)။ ဝါ၊ ထွက်ရပ်လမ်းဆရာတို့ ပရိယာယ်ဖြင့် သွယ်လှယ်ဝေါဟာ ဝဲ,လက်ယာဟု ၂ ဖြာသောလမ်းကြီးကို သွားရောက်ခြင်း၌ စွမ်းနိုင်ပြီဖြစ်သော 'သုတ' ဟူသော ပြဒါးရှင်လုံးကို ထည့်သွင်းသိုမှီးထားသည်နှင့် တူသော သုတသေတ္တာကြီးကို။ ဣစ္ဆန္တာ၊ အလိုရှိတော်မူကြကုန်သော။ သာဓဝေါ၊ မျိုးကောင်းရင်နှစ် သူတော်စစ်မှန်စွာ လူလိမ္မာပညာရှိတို့သည်။ ပဿန္တု၊ ပျော်ပျော်ရွှင်ရွှင် ခင်မင်စုံမက် နှစ်သက်အင်ရွဲ* လက်၌ဖွဲ၍ အမြဲကြည့်ရှုတော် မူကြစေကုန်သတည်း။

ဤသည်ပင်လျှင် ရတနသုတ္တ ပထာမ စသည်ဆိုရာ ဖြာဖြာစကားရပ် အပြီးသတ်သတည်း။

* အင်ရွဲ = ချစ်ခင်မြတ်နိုးသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ရှင်ဥတ္တမကျော်

## တောင်တွင်းကြီးမြို့၏အရင်းအမြစ် ပြည်တည်ဟန်ကို အကျဉ်းအမြွက်မျှ ပြဆိုဦးအံ့။

၃ ဘုံလုံးအထွတ် တမွတ်သျှောင်ဖျား ဖြစ်တော်မူသော ဓမ္မရာဇ်မြတ်စွာ မဟာသကျဝန် သခင်ရှင်တော်ဘုရားသည် ထားတော်မူခဲ့သော သာသနာသက္ကရာဇ် အနှစ် ၅၀၀ ခန့်တိုင်ရောက်သောအခါ မဇ္ဈိမဒေသ ကလိင်္ဂရာဇ်ပြည်ကြီးမှ ဘုန်းမီးတန်ခိုး တောက်လောင်ခမား* လွန်ထင်ရှားသော 'မင်းပြောင်, မင်းနောင်, မင်းရောင်, မင်းနဂါး' ဟူကုန်သော မင်းသားညီနောင် ၄ ပါးတို့သည် စစ်သည်ဗိုလ်ပါ များစွာတွက်ကိန်း ၄ သိန်းသောအခြံအရံတို့နှင့် နိုင်ငံပြည်သစ် တည်လစ်အံ့ဟု ထွက်ခဲ့လာ၍ ရှေးအခါကာလ ဇေယျဝဒ္ဓနတိုင်း ကမ္ဘဝတီပြည် တည်ဖူးသောဌာန၌ 'တိုင်းပြည်မြို့ရွာ တည်ခြင်းငှာ သင့်သည်သာတည်း'ဟု ကြံရည်တော်မူပြီးလျှင် ညီတော်ဖြစ်သော မင်းရောင်,မင်းနဂါးတို့ကို ဗိုလ်ခြေ ၂ သိန်းနှင့် မြို့ရွာနင်းစေတော်မူ၏။

ထိုအခါ အရှေ့အရပ်ကနေ၍ အနောက်အရပ်သို့ နင်းတော်မူကြသော မြွေငန်းကြီးတစ်ကောင်သည် တောင်ကိုဖောက်ထွင်း၍ တောင်အရပ်သို့ သွားလေ၏။ တောင်အရပ်ကနေ၍ ဆင်မယဉ်သာစီး၍ ချင်းနင်းပြန်သော် ဆင်မယဉ်သာသည် ကွေ့လည်၍မသွားဘဲ ဝပ်လေ၏။

---

* ခမား = တောမလောက်။ (လုလု။ ဆဲဆဲ။)

mgyoe.com

ထိုအကြောင်းကို ဟူးရားဖြူ ဟူးရားညို တို့အားမေးသော်၊ 'တန်ခိုးကြီးသော ဘုရားသော်လည်းကောင်း၊ နတ်သော်လည်းကောင်း ရှိလတ်မည်' ဟူ၍ တင်လျှောက်ကြကုန်၏။

ထိုအခါ များစွာသောဗိုလ်ခြေတို့နှင့် တောချုံသစ်ပင် စသည်တို့ကို ခုတ်ထွင်၍ ကြည့်ရှုရှာဖွေကြရာ 'ရွှေအင်းတောင်'၌ ပုဆစ်တုပ်ခန့် ပမာဏရှိတော်မူသော စေတီတော်ကို တွေ့ကြလေ၏။ ထိုစေတီတော်ကား သိရိဓမ္မာသောကမင်းကြီး တည်တော်မူသော စေတီတော်တည်း။ ထိုစေတီတော်၌ ဘုရားလက်ညှိုးတော်ဓာတ်ကို ဌာပနာတော်မူသည်ဟု ရှေးစာသမိုင်းဟောင်းများတွင် ဆိုသည်။

မင်းသားတို့လည်း 'ငါတို့သည် မြတ်စွာဘုရားသာသနာတော်ကို ချီးမြှောက်ထိုက်၍သာ ဤသို့ မင်္ဂလာရှိသော မြတ်စေတီတော်ကို ဖူးတွေ့ရသည်'ဟု ဝမ်းမြောက်ဝမ်းသာ ပူဇော်ကြပြီးလျှင် ထိုစေတီကို 'ဇေယျမင်္ဂလာစေတီ'ဟု သမုတ်တော်မူကြကုန်သတည်း။ ။ ထိုအရပ်တွင် မြို့တည်တော်မူကြသည်။

ဤသို့ တည်တော်မူကြသောမြို့သည် မြို့ရွာနင်းစဉ် အခါက မြွေငန်းကြီးတစ်ကောင်သည် တောင်ကိုထွင်းဖောက်၍ တောင်အရပ်သို့ ထွက်သွားသည်ကို အကြောင်းပြု၍ 'တောင်ထွင်းကြီးမြို့'ဟူ၍ ခေါ်ဝေါ်ပညတ်သတည်း။

တစ်နည်းအားဖြင့်ကား မြို့ရှေ့၌ ကန်တော်ကြီးဆည်၍ 'ရတနာပွင့်လှ'ဟု သမုတ်၏။ ဆင်တော်ကို 'ရတနာပြောင်မွန်'၊ မိဖုရားကို 'ရတနာစောထီး'၊ သမီးတော်ကို 'ရတနာဒေဝီ'၊ မြို့တော်ကို 'ရတနာတင်းထိမ်'၊ ကျောင်းတော်ကို 'ရတနာဗိမာန်'၊ မြို့ရှေ့စေတီတော်ကို 'ရတနာပင်စဉ်ဘုရား၊ ရတနာပေါင်းချုပ်ဘုရား' ဟူ၍ ရတနာ ၇ ပါးနှင့် တည်တော်မူသော မြို့ဖြစ်ရကား 'ဒုဋ္ဌပူရရတနာတင်းထိမ်မြို့' ဟူသောအမည်ဖြင့် သမိုက်တော်မူပြီးလျှင် နောင်တော်မင်းပြောင် နန်းတက်၍ ၁၅ နှစ် စံတော်မူသတည်း။ ထိုမင်း၏ကုသိုလ်တော်တို့ကား တောင်ဂူ၊ မြောက်ဂူ၊ မြစေတီ၊ ရွှေရောင်တော်စေတီများကို တည်လုပ်တော်မူသတည်း။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုနောက် ညီတော်မင်းနောင် ၁၅ နှစ် မင်းပြုတော်မူ၏။ ထိုမင်း၏ ကုသိုလ်တော်တို့ကား ဂူကြီး၊ ဂူဖြူ၊ ဂူနီ၊ ဂူထုပ် ၄ လုံးကို တည်တော်မူ၏။

ထိုနောက် ညီတော်မင်းရောင် ၂၃ နှစ် မင်းပြုတော်မူ၏။ ထိုမင်း၏ ကုသိုလ်တော်တို့ကား ရွှေလက်လှ၊ မြစေတီ၊ မြောက်ဂူ၊ တောင်ဂူ၊ သက်တော်ရှည် ၄င်း ၅ ဆူကို တည်လုပ်တော်မူ၏။

ထိုနောက် ညီတော် 'မင်းနဂါး' ၂လမင်းပြု၍ လွန်တော်မူလျှင်၊ နောင်တော် မင်းနောင်၏သား 'မင်းစောမည်း' မင်းပြု၏။ ထိုမင်း၏ ကုသိုလ်တော်ကား ကန်တော်ကြီး၊ ထန်းပင်ကန်၊ ကျွဲဖြူကန်၊ ကန်လှကန်၊ ပျူကန်၊ ကျွဲကန်၊ အရိုင်ကန်၊ အင်ကြင်းကန်၊ တိုင်သာကန်၊ ကြေးနီပွတ်ကန်၊ ကန်ကြီးတွင်းကန်၊ ကုဝေကန်၊ကြာနီကန်၊ ငပေကန်၊ ဥမင်ကန်၊ ဝက်ခြင်းကန်၊ ခင်တဲကန်၊ ညံကန်။ ဤ ၁၇ ကန်တို့ကို တူးတော်မူသောကြောင့် ထိုမင်းသည် 'ကန်တူးညီမောင်' ဟူ၍လည်း တွင်၏။

ထိုမင်းလက်ထက် မြို့မြောက်ဘက်တွင် 'နေလုလင်'အမတ် တည်သောမြို့ သည် 'လုလင်မြို့'ဟု တွင်၏။ တောင်အရပ်တွင် အမတ် 'ငမည်းထွေး'တည်သော မြို့သည် 'စစ်တားမြို့' ဟုတွင်၏။ ယခုကား 'ဆတ်သွားမြို့' ခေါ်သည်။

အရှေ့အရပ်၌ အမတ် 'ငသောတာ' တည်သောမြို့သည် 'သမင်မြို့'ဟု တွင်၏။ ယခုကား 'ငမင်မြို့'ဟု ခေါ်သည်။

အနောက်အရပ်၌ ရက္ခိုသ် အခြံအရံနှင့်တကွ 'ဗိဿနိုး'မည်သော နတ်မင်း ကြီးသည် ပျော်စံရာဖြစ်သော နံ့သာတောအရပ်ကို လူမင်းတို့ခုတ်ထွင်၍ 'ပန်ထွာမြို့' ဟု အမည်သမိုက်ပြီးလျှင် ထီးနန်းစိုက်တည် စိုးစံဖူးသော ရှေးမြို့ဟောင်းရှိသည်ကို အမတ် 'ပပေဝေ'ထပ်မံပြုစု အုပ်စိုးပြန်ရာ 'ပန်ထွာမြို့'ဟူ၍ အမည်ဟောင်းအတိုင်း သမိုက်လေ၏။ ထိုသို့သမိုက်သော်လည်း ဗိဿနိုးမြို့ဟူ၍ပင် တွင်သတည်း။

ဤသည်လျှင် တောင်တွင်းကြီးမြို့တည်ဟန် အခြေအမြစ်ကို အရံမြို့နှင့်တကွ ဖွင့်လှစ်ထုတ်ပြရာဖြစ်သော အကျဉ်းအမြွက်စကား ပြီး၏။


mgyoe.com

mgyoe.com SAMPLE BOOK

## ပေ ၄ ပင်, ရှင် ၄ ပါး
## ပေါ်ထွန်းလတ္တံ့သော အကြောင်း

ဤသို့ပြဆိုအပ်ခဲ့ပြီးသော မဇ္ဈိမဒေသ မဟာရဋ္ဌဝံသ ကလိင်္ဂရာဇာ သာသနာ့ဒါယကာ ဖြစ်တော်မူကြသော မင်းတရားတို့သည် အရှည်စဉ်လာ ကမ္ဘာ ကပ်ဆုံး စံနှုန်းမမှီ တည်ပါစေသော ရည်ရွယ်ဇောဖြင့် မနောသင်္ကပ္ပ ရှိတော်မူ သည်နှင့်အညီ မြို့တွင်းမြို့ပြင် မွမ်းဖြင်အိမ်ခြေ တွက်ရေမရှိ အပရိမာဏ များလှ သိန်းသောင်း ထီးဆောင်းနန်းနေ ပဒေသရာဇ်မင်းအပေါင်းတို့၏ ဝပ်ညောင်းဦးညွတ် ရာ ပြည်ကြီးအင်္ဂါ ၇ဖြာနှင့် အစာ ၄.ပါး သိုထားမြဲဘိ အနက်ရှိသော ပရိမဏ္ဍလ ကျယ်လှနက်ဆုံး ကျုံးအတန်တန်တို့ဖြင့် ဝန်းရံရစ်ပတ်အပ်သော မြို့ရိုးအထပ်ထပ် သစ်တပ်အသွယ်သွယ် တင့်တယ်ခိုင်းဖြိုး ကြီးမြင့်မွန်ခေါင် ရွှေရောင်ညီးညီး ရွှေထီးဆိုင်းဆိုင်း ရွှေကျိုင်းဝိုးဝင်း တုရင်းပြောင်လင်း မှန်ကင်းသစ်သစ် စုလစ် မွမ်းချွန်း ရောင်ဝှန်ကြွားကြွား ငှက်မြတ်နားဦး အရှိန်မြူးသော စိန်ဖူးအဆူဆူ တို့ကြောင့် 'လူတို့တိုင်းလော,နတ်တိုင်းလော'ဟု တွေးတောရှဲယူရန် တစ်မူဖြစ်ဖွယ် ရာ အကာပရိဏ်း တံတိုင်းပတ်ခြံ တောရဏံလုံခြုံ သုဒဿဘုံကဲ့သို့ ပြည့်စုံကုန်လျက် လက်နက်မီးပေါက် စောင့်ရှောက်မြို့ထိပ် ဆို့ပိတ်အပြည့် အဲမောင်းလှည့်၍ နှိုင်း ရှည့်မစံ ကာ,လွှားရံသဖြင့် မဆိတ်မည်ံ ကွပ်ကဲသံနှင့် ရန်ဖက်မင်းမျိုး ၁၀ နှစ် ထိုးလည်း မစိုးရိမ်ရ ကြီးခိုင်လှအောင် ထာဝရမြို့နန်း ဖန်ဆန်းစိုးစံတော်မူကြရာ ဖြစ်သော ဤ 'ဒုဋ္ဌပုရ ရတနာတင်းထိမ်မြို့' ဟူ၍ ခေါ်ဆိုသမိုက် မော်ကွန်းစိုက်ရင်း အမည်ရှိသော–

အရှေ့ကို ငမင်, တောင်ခွင်စစ်တား, အနောက်ကိုလားရာ ပန်ထွာဗိသနိုး, သားမျိုးဖြိုးမောက် မြောက်ရပ်မြို့လုလင် ၄ အင်ခြံရံ ကြက်ပျံမကျ စည်ပင်လှ



mgyoe.com

mgyoe.com

SAMPLE BOOK

တောင်းရှုသော်ညောင်းမှု အုံကောင်းဖွယ်ရာ ရတနာပြည့်သိပ် ဂီရိဗ္ဗဇ ရဋ္ဌမဂဓိုရ် ရာဇဂြိုဟ် နဂရ ထပ်မျှတူညီ ဘူသိခါမှန် မြေကြန်စည်မျက်ထက် ကျက်သရေ အပေါင်းတို့ဖြင့် ဖုံးလွှမ်းလျှက်တည်ရာ တောက်လျှမ်းသာသနာ ရောင်ဝါရှိန်ဝင်း ထိန်ထိန်လင်းသော တောင်တွင်းကြီးမြို့ဒေသဌ် သာသနာတော် ၁၉၈၂ ခုနှစ်-ကောဇာသက္ကရာဇ် ၈၀၀ ပြည့် ရတနာပုရ အင်းဝပြည်ကြီးရှင် 'သိရိတြိဘုဝနာဒိတျ ပဝရပဏ္ဍိတ ဓမ္မရာဇာ' ဟူသော ဥဏ္ဏိသကမ္ဘရာကို နဝရတ် ၉ ပါး စီခြယ်အပ်သော ရွှေနဖူးစည်းတန်ဆာဌ် ခတ်တော်မူ၍ သိကြားနတ်မင်း၏ အသရေကို ယူတော်မူလျက် ပစ္စုမိုးကြက် ကနက်ရိပ်ဖြူ ဖြန့်စိုက်ထူတော်မူသော မိုးညှင်းမင်းတရားကြီး နန်းစံ ၁၂ နှစ်ရ ဗသျှုဆိဒြ မုနိကိန်းရောက်ပြီဖြစ်၍ သက္ကရာဇ်ဖြိုအံ့သော နှစ်အကျဌ် အထက်အဆိုပါ တောင်တွင်းကြီးမြို့တွင်ပေါ်လာသော 'တဘောင်'ကား-

ဘုရား ၈ သောင်း၊ ၄ ထောင်ဆောင်း၍၊ ကိန်းအောင်းစံရန်၊ စမ္ပခဏ် သည်၊ သံတောင်ဖြိုးမြင့် စွင့်လိမ့်လေ။

အကိုက် ၄ ဖော်၊ မြေမှပေါ်သော်၊ ရှင်ကျော် ၄ ဦး ခူးလိမ့်လေး။

ခူးလည်းခူးလတ္တံ့၊ ကူးလည်းကူးလတ္တံ့၊ စူးလည်းစူးလတ္တံ့၊ မြူးလည်း မြူးလတ္တံ့။

ရန့်ငယ်ကြိုင်လှိုင်၊ မွှေးပျံ့ဆိုင်၊ ၂ ခိုင်ပွင့်လန်း၊ ပြည်သူ့ပန်း-

ဟူ၍ ဆူညံသောင်းသောင်း အပေါင်းလူဗိုလ် ထိုထိုခပင်း သိဆိုကြခြင်းသည် မြို့တွင်းမြို့ပြင် ဝန်းကျင်ဖြဖြ ကောလာဟလ အကျော်ဒေးယျ ဖြစ်သတည်း။

## အရှင်သီလာစာရဆရာတော် တဘောင်ကို ကောက်နုတ်မိန့်ဆိုခြင်း

ထိုအခါ ရှေးရေးနောက်ရေး မြော်တွေးပူပန် ကြံစည်ထောက်ရှုလေ့ရှိတတ် ကုန်သော သက်ကြီးရွယ်ရင့်တို့သည် မိမိတို့၏ဉာဏ်ဖြင့် ဤတဘောင်တို့၏ အဓိပ္ပာယ်များကို မထင်မြင်တတ်အောင်ရှိရကား မြို့၏မြောက်ဘက်ယွန်းယွန်းတွင် ၄ က်ပစ်တောင် အရှေ့ထူပါရုံ အာရာမ်အနီး သီဟပတော့ကြီးဆောက်လုပ်သော ကုသိုလ်တော်ရ ရတနာဗိမာန်ကျောင်း၌ သီတင်းသုံးတော်မူသော 'သီလာစာရ


mgyoe.com

mgyoe.com SAMPLE BOOK

ဘိဓဇ' ဘွဲ့မည်တော်ရှိသော 'နတ်မိုးလင်းဘုန်းတော်ကြီး' ထံသို့ သွား၍ လျှောက်ထားကြလေသော်၊ ယင်းသည့် နတ်မိုးလင်းဘုန်းတော်ကြီးက ဤတဘောင်၏ အရကို လုံးဝမကျန် ပြန်လှန်စစ်ဆေး သနစ်ကုန်မေးပြီးလျှင် ကြံတွေးကောက်နုတ်၍ မိန့်တော်မူသည်မှာ–

"ဒါယကာတသင်း လူခပင်းတို့။ ထိုသို့ပေါ်လာသော တဘောင်သီချင်း၏ အလိုကိုထောက်ရလျှင် ငါတို့တောင်တွင်းကြီးမြို့ဒေသတွင် သာသနာ့ပဋ္ဌောတ သာသနာ့ဝေပုလ္လ သာသနာ့ဝုဒ္ဓိ အတိမဟန္တ မင်္ဂလာသာယာစည်ပင်ခြင်း ဖြစ်လတ္တံ့ ဟုဆိုအပ်သော အဓိပ္ပာယ်ကို ရသည်။ အဘယ့်ကြောင့်နည်းဟူမူကား– "ဘုရား ၈ သောင်း၊ ၄ ထောင်ဆောင်း၍၊ ကိန်းအောင်းစံရန်၊ စမ္ပခဏ်သည်၊ သံတောင်ဖြိုးမြင့် စွင့်လိမ့်လေ" ဟူ၍ ဆိုသည်။ ထိုသို့ဆိုခြင်းသည်–

'ဘုရား ၈ သောင်း၊ ၄ ထောင်ဆောင်း၍' ဟူသော ပထမပိုဒ်အလိုမှာ– ဝိမုတ္တိရသအားဖြင့် ၁ပါး၊ ဓမ္မဝိနယအားဖြင့် ၂ပါး၊ ပိဋကတ်အားဖြင့် ၃ပါး၊ နိကာယ်အားဖြင့် ၅ ပါး၊ အင်္ဂါအားဖြင့် ၉ ပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ၈ သောင်း ၄ ထောင် ဟုဆိုအပ်သော ဘုရားမုခပါဌ်တော်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည့်နောက် မပါကျန်ရစ်သည့် သတ္တဝါဗိုလ်ခြေ များဝေနေတို့၏ အကျိုးငှာ ဟောကြားတော်မူခဲ့သော ရှေကိုယ်တော်စားအဖြစ်ဖြင့် တည်ရစ်သော အထက်က သင်္ချာအရေအတွက်နှင့်တကွ ပြဆိုခဲ့ပြီးဖြစ်သော တိပိဋက ဂမ္ဘီရရှိုင်းနက် ဓမ္မက္ခန္ဓာတော် ၈ သောင်းကျော်ကိုပင် ဘုရားပေါင်း ၈ သောင်း ၄ ထောင်ပင်တည်း ဟု ယူရသိရမည်။

'ကိန်းအောင်းစံရန်၊ စမ္ပခဏ်သည်'– ဟုဆိုရာမှာ သူ့ငါတို့၏ မောင်ဦး တိဘုမ္မရာဇ် ၃ ခေတ်လုံးမှန် ဘဂဝန်ဟု အမွန်မြတ်စွာ သူရိန္ဒာ၏ စံနေတော်မူရာ အာဘုဇိတ မဟာသယန ဟူသမျှတို့၌ ခင်းထားအပ်သော စမ္ပခဏ်နှင့် သဏ္ဍာန်တူစွာ 'ဓမ္မက္ခန္ဓာ' ဟုဆိုအပ်သော ဘုရားပေါင်း ၈ သောင်း ၄ ထောင်တို့


mgyoe.com

mgyoe.com


ကိန်းအောင်း စံပယ်ရာဖြစ်သော 'ပေဖူးပေရွက်' တည်းဟူသော 'စမ္ဗခဏ်'ကို ဆိုလိုသည်။-ဟု ယူရမှတ်ရမည်။

'သံတောင်ဖြိုးမြင့် စွင့်လိမ့်လေ'- ဆိုသည်မှာ ပေအပင်မြင့် ဖြိုးစွင့်စွင့်လျက် တိုးတင့်ကျက်သရေ ရှိလတ္တံ့သည်ကို ဆိုလိုသည်။-ဟု ယူရမှတ်ရမည်။

'အကိုက် ၄ ဖော်၊ မြေမှပေါ်သော်'- ဆိုသည်မှာ ကောက်နုတ်၍ပြီးသော ပေဖူးပေရွက် ခက်အလက်တို့၏ဖြစ်ရာ အကိုက်ဟု ဆိုအပ်သော အညွန့်အညှောက် ပေါ်လွင် ပေ ၄ ပင်သည် မြေပြင်မြေထက်သို့ အခြားတစ်ပါးသော ပေတို့နှင့် မတူစေဘဲ ထူးကဲ၍ ထွက်လတ္တံ့သည်ကို ဆိုလိုသည်။-ဟု ယူရ မှတ်ရမည်။

'ရှင်ကျော် ၄ ဦး ခူးလိမ့်လေး'-ဆိုသည်မှာ အကယ်တစ်မူအားဖြင့် ပေါက် ရောက်၍လာသော ပေ ၄ ပင်ကို ပိဋကတ် ချောက်ချားနိုင်သော 'ရှင်သာမဏေ ကျော်' ၄ ဦးတို့သည် တစ်ပြိုင်နက် ကြေညာထင်ရှားစွာပေါ်ထွက်ပြီးလျှင် ဖြတ်လှီးဆွတ်ခူးကာ ကမ္ဘာ့အလုံး အံ့မဆုံးသော ကျမ်းကိုပြုလတ္တံ့ဟူ၍ ဆိုလိုသည် ဟု မှတ်ယူရမည်။

'ခူးလည်း ခူးလတ္တံ့။'- ဆိုသည်မှာ ထင်ရှားသိသာပြီ ဖြစ်သည်။

'ကူးလည်း ကူးလတ္တံ့။'- ဆိုသည်မှာ နက်ဝှမ်းသော သာဂရ ၄ ပါးတို့တွင် အစကို မထင်မြင်နိုင်သော်လည်း အဆုံးကို မြင်နိုင်ရောက်နိုင်သော သံသာရသာဂရ အလယ်၌သာ နက်ဝှမ်း၍ အစအဆုံးမရှိ အတိသုခုမ အတိဝိတ္ထာရ အတိဂမ္ဘီရ သုဒုဒ္ဒသဖြစ်သော နယသာဂရ ဉာဏသာဂရဟူကုန်သော အဋ္ဌသာလိနီ အဋ္ဌကထာ ၌ မိန့်ဆိုအပ်သော နောက်နည်းပြ သာဂရ ၂ ပါးတို့၌ ပါရမီလမ်းသွား စွမ်းပကား လုံလောက်သဖြင့် ကူးမြောက်နိုင်သူ ပါရဂူအရှင်တို့ပင်တည်းဟု ဆိုလိုသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'စူးလည်း စူးလတ္တံ့။'- ဆိုသည်မှာ ပိဋကတ္တံယကောသလ် ဂန္တန်အခြေ ပတ်ပတ်မွေခြင်းအရာ၌ ဆားရေအတု ပမာပြုလောက်အောင် ဥဇုဝင်္ကကေဋ္ဌာဝေဒဏီ ဗျဍ္ဍိဗျိုဟပ် သက္ကင့်ဗာဟိ ကျမ်းထိုဏ်၌ ဗာဝရိတမျှ ပေါက်စူးရှ၍ ဂဂန, အပြင် ကောင်းကင်အထက် တောင်ဘက်မြောက်ကူး ဟူးဟူးဟုန်းဟုန်း ရှူးရှူး ရှီးသော သင်တုန်းဝေရဗ် လေရဟတ်ရိုက် နိုင်းပုံချိန်လောက်သည့် ဝဇိရစိန်ဉာဏ် ထူးဖြင့် ဖောက်ခွဲစူးရှနိုင်မည့် ရှင်ကျော် ၄ ဦးတို့ပင် ဖြစ်လတ္တံ့။-ဟု ဆိုလိုသည်။

'မြူးလည်း မြူးလတ္တံ့။'- ဆိုသည်မှာ ဤသို့ ပေါ်ထွန်းအပ်သော ရှင်ကျော် ၄ ဦးတို့သည် ပေါရိယဝါစာ ပြည်ကြီးသားတို့၏ အထုံးအမြိတ်ဖြစ်သောအင်္ဂါ၌ အဝင်အပါ သာယာနာပျော်ဖွယ်ဖြစ်သော အလွန်ဆန်းကြယ်သော ရတု, ရကန်, အဲ,အန်,အလင်္ကာ,ကဗျာ,မော်ကွန်း အခန်းခန်းတို့၌ လုံးထွန်းတတ်သီး အံ့ချီးမကုန် အလုံးစုံကောင်းခြင်း စောင်းငြင်း,မိကျောင်း သံရှင်ညောင်းသည် စောင်း,ပတ္တလား, တယောပြားလျက်-

တစ်နည်းအားဖြင့် ကြေး, ကြိုး, သားရေ, လေ, လက်ခုပ်ဝါး သံသာ ၅ တွင် ၆ ပါးတီးရိုး အငြိမ့်မျိုးကို မိုးမှပဥ္စသီ တီးမှုတ်ပီသို့ ကုံးသီဖွဲ့နွဲ့ သွဲ့ဟွဲ့ ဆိုမိန့် ချိုအိန့်လေးနက် မရှုပ်ယှက်သော နှုတ်ပွက်သံအရာ၌ လိမ္မာအင်ထူးသော ကြောင့် ပျော်မြူးကြည်ရွှင်သောစလေ့နှင့် ပြည့်စုံသော ရှင်ကျော် ၂ ပါး ပေါ်လတ် မည်ကို ဆိုလိုသည်။ အဘယ်ကြောင့်နည်း ဟူမူကား 'ခူးလည်း ခူးလတ္တံ့။ ကူး လည်း ကူးလတ္တံ့။ စူးလည်း စူးလတ္တံ့။ မြူးလည်း မြူးလတ္တံ့။'-ဟူသော ၄ချက် တွင် တတိယနှင့် စတုတ္ထ ၂ ချက်ကို ကောက်၍ မှတ်ယူရမည်။

'ရန့်ငယ်ကြိုင်လှိုင် မွေးပျံ့ဆိုင်'- ဟူ၍ ဆိုလိုသည်မှာ ထင်ပေါ်ကျော်ကြား နှစ်သားပြည့်နှက် ခဲခက်သောအရာဟူသမျှတို့၌ တွေးဆမရှိ ဖြုတ်ခြည်းသိနိုင်သော အစွမ်းကြောင့် ကျမ်းတတ်သည် ဟူသောဂယက်သည် မြေအောက်ဘနန်း နတ်ပန်း ကက္ကရူ မာလာကျိုကျူ မဉ္ဇူသက မန္ဒာရဝ ကောဝိဠာနှင့် ပါရိဆတ္တကာ ပန်းများ


mgyoe.com

mgyoe.com
SAMPLE BOOK


စွာမှ ဂန္ဓာခေါ်သွေး ရန့်အေးသို့ ပျံ့မွှေးကြိုင်လှိုင်သော ဂုဏ်သတင်းနှင့် ပြည့်စုံလတ်မည့် သူတို့ချည်း ဖြစ်သည်။-ဟု ဆိုလိုသည်။

'၂ ခိုင်ပွင့်လန်း ပြည်သူပန်း'- ဆိုသည်မှာ ၂ ပါးသော ရှင်ကျော်တို့ကား ထူးခြားသောဂုဏ် ရှိသည်ဖြစ်သောကြောင့် ပြည်သားပြည်သူတို့ ကြည်ဖြူနှစ်သက်မြတ်နိုးသော ပန်း ၂ ပွင့် ဖြစ်လတ်မည်ဟု ဆိုလိုသည်။-ဟူ၍ မှတ်ယူရမည်။

ဤသို့ တဘောင်အထွက်ကို အချက်ကုန်စင် သိမြင်သမျှ အဓိပ္ပာယ်ကို အကျယ်ချဲ့ထွင်၍ မြင်သလောက် ကောက်ယူပြောဆိုရလျှင် သိလို၍ လျှောက်လာကြသော ဒါယကာတသင်းလူခပင်းတို့သည် မှတ်ခြင်းရှုပ်ထွေး၍ လိုရေးမကျဖြစ်လတ်သည်။

''သို့ဖြစ်သောကြောင့် ထိုထိုဤဤ ပလီဆန်းပြား အမှတ်မထားလိုသော အတိုကြိုက် ဒါယကာများမှာ ယခုကစ၍ ရှေ့ကိုမကြာမီ ငါတို့တောင်တွင်းကြီးဒေသ၌ 'ပေ ၄ ပင်, ရှင် ၄ ပါးပေါ်လတ်မည်ဆိုပါတကား။' ဟူသော နိဂုံးချုပ်စကားကိုသာ မှတ်ကြလေ။'' ဟူ၍ ငှက်ပစ်တောင် အရှေ့ထူပါရုံအာရာမ်အနီးရတနာ ဗိမာန်ကျောင်းနေ သီလာစာရာဘိဓဇဘွဲ့မည်ရှိသော နတ်မှီးလင်းဘုန်းတော်ကြီးက မိန့်တော်မူလိုက်သည်။

ထိုနေ့ကစ၍ 'ပေ ၄ ပင်, ရှင် ၄ ပါး ပေါ်လိမ့်မည်။'ဟူသောစကားသည် တောင်တွင်းကြီးမြို့အလုံး၌ ခြိမ့်ခြိမ့်အုန်းသောငြာ အုတ်အာသောင်းသဲ အသံမစဲ ပြောဆိုစမှတ် ပြုကြကုန်၏။

မှတ်ချက်။ ။ ဤအရာ၌ အချို့သောသူတို့ကား 'ငှက်ပစ်တောင်'ဟူသည် ပေါက္ကံမင်းပြည်၌သာ ပြုမင်းထီး ငှက်ကြီးရန်ကို နှိပ်နင်း၍ လေးနှင့်ပစ်ခွင်းရာ


mgyoe.com

 mgyoe.com 

ဖြစ်သော ငှက်ပစ်တောင်ရှိသည်ဟူ၍ ထင်မှတ်ကြပေသည်။ ။တောင်တွင်းကြီးမြို့ အနီး မြောက်မျက်နှာတွင်လည်း 'ငှက်ပစ်တောင်'ဟု ရှိသည်။

'ဧယျာပူရမြို့'ဟု ခေါ်ဝေါ်ကြသော စစ်ကိုင်းမြို့၌ ထူပါရုံအနီးတွင် ဆောက်လုပ်သော 'ရတနာဗိမာန်ကျောင်း'ဟူ၍သာ ရှိသည် မဟုတ်ချေ။ တောင်တွင်းကြီးမြို့၌လည်း ငှက်ပစ်တောင်အရှေ့ လူတို့ကြွေးကြော်ခြင်းကို ကြားနိုင်မျှသော ၁ ကောသ*ခန့်တွင် ထူပါရုံ၊ ထိုမှ အရှေ့လားသော် 'ဥသဘ ၁တွန်'ဟု ဆိုအပ်သော ၁ဥသဘခန့်တွင် 'ရတနာဗိမာန်ကျောင်း'ဟူ၍ ရှိသည်။ ယင်းသည့် ရတနာဗိမာန်ကျောင်းကိုပင် 'ဗိမာန်ကလေး'ဟု ခေါ်သည်။

မြို့တောင်မျက်နှာရှိ ရတနာဗိမာန်ကား 'ဗိမာန်ကြီး'ဟူ၍ ခေါ်သည်။ ထို့ကြောင့် တောင်တွင်းကြီးမြို့၌ 'ရတနာဗိမာန်ကြီး, ဗိမာန်ကလေး'ဟူ၍၊ ၂တိုက် ရှိကြောင်းကို သတိမူ၍ မှတ်ယူတော်မူကြကုန်။ ထိုသို့ပြဆိုခဲ့ခြင်းတို့ကား ယခု ထင်ရှားရှိကြသည်ပင်တည်း။

သို့ဖြစ်၍ အထက်ကပြဆိုခဲ့သော ရတနာဗိမာန်ကျောင်းနေ နတ်မှီးလင်း ဘုန်းတော်ကြီးသည် ငှက်ပစ်တောင်၌ရှိသော ကျောင်း, ထူပါရုံ၌ရှိသော ကျောင်း, အမြဲနေတော်မူသော ရတနာဗိမာန်ကျောင်းတို့ကို ထိုဘုန်းတော်ကြီးပင် ပိုင်တော်မူသောကျောင်းများဖြစ်ရကား ငှက်ပစ်တောင်ဆရာတော်, ထူပါရုံဆရာတော်၊ အချို့သောသူတို့ကား ဘွဲ့တော်ကိုထုတ်ဖော်၍ သီလာစာရာဘိဓဇဆရာတော်, ရတနာဗိမာန်ကျောင်းနေ နတ်မှီးလင်းဆရာတော် ဟူ၍ ခေါ်လိုရာရာ ခေါ်စမှတ်ပြုကြကုန်၏။ ဤသို့ ခေါ်ဝေါ်ခြင်းတို့ကား မလွဲသောခေါ်ဝေါ်ခြင်း တို့ပင်တည်း။

ဤကား နောက်သားတို့သိစေရန် 'စစ်ကိုင်းမြို့, ပေါက္ကံမြို့, တောင်တွင်းကြီးမြို့ ဟူကုန်သော ၃ မြို့ရှိ အမည်တူ ကျောင်းဘုရားတို့ကို ခွဲခြား၍ ပြဆိုလိုက်သော အမှာစကားချပ်တို့ပင်တည်း။

---

* ကောသ = တခေါ်ကြားမျှလောက် ကွာသည့်အတိုင်း အရှည်ခရီး။

mgyoe.com

mgyoe.com


လောကဥ္စ မကြုံစဖူး ထူးဆန်းအံ့သြဖွယ်ကို ပြဆိုခြင်း

ထိုနောက် မြတ်စွာဘုရား ထားတော်မူခဲ့သော အတိတ်သာသနာတော် ၁၉၈၆ ခု– ကောဇာသက္ကရာဇ် ၈၀၄ ခု၊ မိုးညှင်းမင်းတရားဖြို ဗသျှူဆိုဒြမုနိကိန်း ကျန်အတို သက္ကရာဇ် ၆ ခု ကဆုန်လပြည့်ကျော် ၁ ရက် သောကြာနေ့ နက္ခတ် ၁၆ လုံးတူလက်တွင် နန်းတက်တော်မူသော 'သိရိတြိဘုဝနာဒိတျ ပဝရနရပတိ မဟာဓမ္မရာဇာဓိပတိ' ဟူသော မင်းတို့တံထွာ နာယကာရွှေစင်ဝယ် နဝရတ် ၉ ပါးတို့ဖြင့် စီခြယ်အပ်သော ရွှေနဖူးစည်းအပြင်၌ တပ်အပ်သော ဥဏှိသက္ခရာ ဖြဟ္မာတန္တိုင်းဆန်းဂိုဏ်းဏ္ဍ ပဝရနာမံ ရွှေဘွဲ့ခံတော်မူ၍ ရတနာပူရ အင်းဝပြည်ကြီးရှင် နရပတိမင်းကြီး ရွှေတောင်တက်ပြီး ၁၂ နှစ်ရ သာသနာတော် ၁၉၉၇ ခုနှစ်–ကောဇာသက္ကရာဇ် ၈၁၅ ခု– မိုးညှင်းဖြိုအတိုသက္ကရာဇ် ၁၁ ခုသို့ ကျရောက်သောအခါ၊

တောင်တွင်းကြီးမြို့ မြောက်မျက်နှာ 'မြို့လုလင်' အမည်ရှိသော ရွာကြီး အနီး နားတောင်းကျဲ ဝက်ခြင်းကန် အစရှိသော ပေတော ၅ ရွာတွင် နားတောင်းကျဲရွာ၌ရှိသော ပေတောနှင့် ဝက်ခြင်းကန်ပေတောတို့သည် တောင်,မြောက်နေရကား တောင်ပေတောအတွင်း တောင်ပို့မှသည် မြောက်ပေတောအတွင်းရှိတောင်ပို့သို့ ဓာတ်ခိုးသက်တန့် ထွန်ကိုင်းသဏ္ဍာန် ညွှတ်ကိုင်းယှက်သန်း ဆက်သွယ်တန်းလျက် ပေါ်ထွန်းသတည်း။

ထိုအခါ အနီးအပါး၌ရှိကြကုန်သော မြို့ရွာနေလူတို့သည် အုန်းအုန်း ကျွက်ကျွက် သက်တန့်ထွက်ရာသို့ သွား၍ ကြည့်ရှုကြရာ အခိုးထွက်သော တောင်ပို့တို့သည် အခြားတစ်ပါးသော တောင်ပို့တို့နှင့်မတူ လိုဏ်ဂူပုထိုးတို့၏ မုခ်တံခါးဝ သဖွယ် တင့်တယ်လှပစွာ လူတို့ပြုပြင်ထားဘိသကဲ့သို့သော တောင်ပို့ခံတွင်းဝ၏ ရှေ့တူရူ တံထောင်ထွာခန့်အရပ်တွင် မြေမှ ကျေးမြီးပေါ်ထွက် ၄ ရွက်ခန့်မျှ ပေါက်ပြီးသော ပေပင်ငယ်တို့မှ လုံးပတ်ထွာဆိုင်ခန့် ပမာဏရှိသော ပေဖူးတို့သည် ပေါ်ထွက်လျက် တောင်ပို့ ၁ခုလျှင် ပေ ၁ပင်ကျစီ ပေါ်ထွက်လျက်ရှိကုန်သတည်း။


mgyoe.com

ထိုမှတစ်ပါးလည်း သတိုးထမ်းရွာနှင့် မန်ကျည်းယောင်ရွာများမှာ အထက်ဆိုခဲ့ပြီးသော ရွာတို့ကဲ့သို့ တောင်ပို့နှင့်တကွ မဟုတ်သော်လည်း ပေချည်းသက်သက် အထက်နည်းဖြင့် ကြီးစွာသော ပေပင်ပေဖူးတို့သည် ပေါ်ထွက်လျက် ဖြစ်ကြကုန်သည်သာတည်း။

ဤသို့ထူးဆန်းသော ပေပင်ပေါ်ထွက်ကြောင်းနှင့် တောင်ပို့ ၂ ခုမှ အခိုးသက်တန့်ထွက်ကြောင်းကို '၁ ဦးကစလျှင် ၁၀၀' ဟူသော စကားကဲ့သို့ အနှံ့အပြား ကောလာဟလ အကျော်ဒေးယျ ဖြစ်ကြရာ ရဟန်းပညာရှိ, လူပညာရှိတို့က ပြောဆိုကြသည်မှာ

''ယခုအခါ ငါတို့မြို့ရွာ၌ ကြီးကျယ်စွာမူ အဗ္ဘုတစမ္မ အစ္ဆရိယ အထူးမကြုံဖူးတောင်း အံ့ဖွယ်ကောင်းအောင် ဖြစ်ပေါ်လာခြင်းမှာ လွန်ခဲ့ပြီးသော ၁၅နှစ်ခန့်အခါက အုတ်အာသောင်းသဲ ဖြစ်ခဲ့ဖူးသော– ဘုရား ၈ သောင်း၊ ၄ ထောင်ဆောင်း၍၊ ကိန်းအောင်းစံရန်၊ စမ္ပခဏ်သည်၊ သံတောင်ဖြိုးမြင့် စွင့်လိမ့်လေ။ အစရှိသော တဘောင် ၄–၅ ပုဒ်ကို ငှက်ပစ်တောင်အရှေ့ ထူပါရုံအနီး ရတနာဗိမာန်ကျောင်းနေ နတ်မိုးလင်းဆရာတော်ဘုရားက အဓိပ္ပာယ်ကောက်ယူ၍ မိန့်ကြားတော်မူလိုက်ခြင်းသည် ယခုမှပင် အထင်အရှား လျှဉ်းပါးညီညွတ်လာတော့သည်။''ဟု ဝမ်းမြောက်ဝမ်းသာ များစွာဖြစ်ကြလေကုန်၏။

ထိုသို့ထူးကဲ အံ့ဖွယ်သရဲဖြစ်သော ပေ ၄ ပင်တို့သည် မြေပြင်မှ ပေါ်ထွက်လာရာ၌လည်း နားတောင်းကျရွာပေတောနှင့် ဝက်ခြင်းကန်ရွာပေတောတွင် ထွက်ပေါ်လာသော ပေ ၂ ပင်မှာ တောင်ပို့၏လိုဏ်ဝ၌ ဖြစ်ပေါ်ခြင်း၊ တောင်ပို့မှ တစ်စိတ်တစ်ဒေသ အခိုးသက်တန့်ထွက်၍ ပေါင်းကူးဆက်သွယ်ကာ ဖြစ်ခြင်းတို့ကို ထောက်လျှင် ထိုပေ ၄ ပင်နှင့် ပေါ်လတ္တံ့သော ရှင်ကျော် ၄ ပါး ဆိုသည်တွင် ပေ ၂ ပင်နှင့် ရှင် ၂ ပါးသည်သာလျှင် ထူးခြားသာလွန်၍ ဘုန်းတန်းတေဇာ ကြီးကျယ်စွာဖြစ်ထွန်း ကျော်စောလတ္တံ့ဟု နိမိတ်ဖတ်ကြကုန်၏။



mgyoe.com

mgyoe.com


## ရှင် ၄ ပါးကို ဖွားမြင်သည် ပြဆိုခြင်း

ထို့နောက် များမကြာမီပင် မြို့လုလင်ရွာ၏ အရှေ့ပိုင်း၏ အမိ မနှင်းဆီ–အဖ ဦးသောကြာ တို့မှာ အထက်ဆို သက္ကရာဇ် ၈၁၅ ခုနှစ်တွင် ဖွားသန့်စင်သော သတို့သားကား အမည် 'မောင်ဥက္ကာ' ဟု ပညတ်တင်ကြကုန်၏။ နံတော် တနင်္ဂနွေသားတည်း။ ဤကား– 'ရှင်ဥတ္တမကျော်'ပင်တည်း။

ထို့နောက် ၆ ရက်မြောက်သော နေ့သို့တိုင် ပြန်ရောက်သော် ထိုအရပ်တွင်ပင် အသည်မျိုးမှ ပုဆ္ဆန်း*အထုံဝင်သူ 'မယ်ဒွေး–မောင်ကြည်'အမည်ရှိသော ဇနီး မောင်နှံ တို့မှာ သားကောင်းရတနာ ဖွားသန့်ပြန်သည်။ ငယ်မည်မှာ 'မောင်ညို' ဟု ပညတ်တင်ကြကုန်၏။ နံတော် သောကြာသားတည်း။ ဤကား– 'အရှင်မဟာသီလဝံသ'ပင်တည်း။

> အရှင်ဥတ္တမကျော်နှင့် အရှင်မဟာသီလဝံသ တို့ကား ၁ မြို့တည်း, ၁ ရပ်တည်း, ၁ နှစ်တည်း, ၁ လတည်း၊ ၆ ရက်ကြီး ၆ ရက်ငယ်ဖွားသော အိမ်နီးချင်းဖြစ်တော်မူကြကြောင်းကို သိသာတော်မူကြကုန်။ ဤကား အမှာစကားချပ်တည်း။

သတိုးထမ်းရွာ၌လည်း ရှင်အုန်းညိုကို ဖွားမြင်သည်။ နံတော် တနင်္ဂနွေသားပင်တည်း။ ဤပုဂ္ဂိုလ်ကား ရှင်ဥတ္တမကျော်နှင့် ခု, နှစ်, လ, ရက်တို့သည် အတူတူပင် ဖြစ်ကြသည်။ အချိန်နာရီမျှသာ ရှင်ဥတ္တမကျော်က ကြီးသည်။ အမည်တော်မှာ ရှင်ရဟန်းဖြစ်သော်လည်း ဘွဲ့ထူးကို မတွင် လူမည်အတိုင်းပင် 'ရှင်အုန်းညို'ဟု ကျော်စောထင်ရှားသည်။

> မန်ကျည်းယောင်ရွာမှာလည်း ရှင်ခေမာကို ဖွားမြင်သည်။ ထိုပုဂ္ဂိုလ်ကား အရှင်မဟာသီလဝံသအောက် ၄ ရက်ငယ်သည်။ နံတော် တနင်္လာသားတည်း။ အမိအဖအမည်နှင့် ထိုရှင်ခေမာ၏ငယ်မည်ကို 'မကာရလောပ' ဟုသမုတ်ကြရသော ဉာဏာဘိဝံသအတုလဘွဲ့ခံ တောင်တွင်းသာသနာပိုင်ခင်ကြီးဖျော်မှတ်စုစာ၌ ပေချပ်စုတ်ပဲ့နေ၍ မသိရသောကြောင့် မထည့်လိုက်ရပေ။ ။ ဤကား အမှာစကားချပ်တည်း။

---

* ပုဆ္ဆန်း = နတ်ဝင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

**ရှင်ဥတ္တမကျော်နှင့် ရှင်မဟာသီလဝံသအလောင်းတို့ ကစားရင်း စာစပ်ဟန်ကို ပြဆိုခြင်း**

ဤသို့ 'ပေ ၄ ပင် ရှင် ၄ ပါး' ဟုခေါ်ဆိုရမည့် သတို့သားငယ်တို့သည် ဖွားသန့်စင်၍ ပံသုကီဠန*ရွယ်ဝယ ဟုဆိုအပ်သော ၇ နှစ်သားခန့် အချိန်အရွယ်သို့ရောက်ကြသောအခါ ရှင်ဥတ္တမကျော်နှင့် ရှင်မဟာသီလဝံသတို့သည် တူနေရပ်ကွက် အိမ်နီးယှက်တင်ဖြစ်သောကြောင့် တစ်မိတည်းသား ညီနောင်ရင်းအလားကဲ့သို့ရှိကြရကား၊

တစ်ရံသောအခါ ရတနာဗိမာန်ကျောင်းအောက်သို့ သွား၍ လူငယ်တို့ဘာဝ ကစားမြူးပျော်လျက်နေကြရာ ခဲရှာ၍မရနိုင်သဖြင့် မြေတွင် တူးဆွ၍ယူလျှင် ခဲရလေ၏။

ထိုအခါ ရှင်ဥတ္တမကျော်က ရှင်မဟာသီလဝံသကို ပြောဆိုသည်မှာ "ဟေ့-မောင်ညီ။ ငါ့မှာ မြေကိုတူး၍ယူသောကြောင့် 'ခ-အဲ' ရပြီ။"ဟုပြောလျှင်၊ အရှင်မဟာသီလဝံသက ပြန်ပြောသည်မှာ "ဟေ့-မောင်ဥက္ကာ မင်းမှာ မြေကြီးကိုတူးမှ ခ-အဲ ရသည်။ ငါ့မှာ မြေကြီးကိုမတူးဘဲနှင့် ကျောင်းတိုင်ခေါင်းထဲက 'စ-ဦး' ကလေးတစ်ခု ရသည်။"ဟု ပြောဆိုသံကို 'သီလာစာရာဘိဓေ' ဘွဲ့မည်ရှိသော နတ်မိုးလင်းဆရာတော်သည် စကြံသွားရာက ကြားတော်မူလျှင်၊ 'အံ့ဖွယ်သရဲ ရှိလှသော သူငယ် ၂ ယောက်ပါတကား။'ဟု အောက်မေ့တော်မူ၍ ဤသို့ မိန့်တော်မူ၏။

"မောင်ပဥ္စင်းတို့။ ကျောင်းအောက်၌ရှိသော သူငယ်တို့သည် ချင်းတို့၏ စကားပြောဟန်ကား လွန်စွာပင် အံ့သြဘနန်း ဖြစ်တော့သည်။ အကြောင်းမူကား 'ဥက္ကာ'ဟု အမည်ရှိသော သူငယ်ကပြောသည်မှာ မြေ၌တူးယူ၍ 'ခ-အဲ' ရပြီဆိုသည်။ ဤသို့ဆိုခြင်းကား ခ-ဟူသော ဒုတိယအက္ခရာကို ခွင်း၏။ ထို ခ-၏ အ-စိတ် အ-ကိုချေ၊ သရကင်းသော ခ-ကိုနောက် အဲ-သို့ကပ် ခဲ-ဖြစ်၏။ ဤသို့ ထူးဆန်းအံ့မခန်းသော သနစ်ဖြင့် နုနယ်လှစွာသော ထိုသူငယ်၏ခံတွင်းမှ

* ပံသုကီဠန = မြေမှုန့်ကစားသော၊

mgyoe.com

mgyoe.com

SAMPLE BOOK

ကစားရင်း ပြောသောစကားသည်ပင် ပဒစ္ဆေဒပြုပြီး ရပ်တွက်ရန် တည်ပြီးဖြစ်တော့သည်။ အဓိပ္ပာယ်ရောက်ကား ချဉ်းပြီးကပ်ပြီး 'ခဲ' ဟူသော ပညတ်တိုင်အောင် ဖော်ပြပြီး ဖြစ်သည်။

"'မောင်ညို'ဟူသောသူငယ်က တစ်ဖန်ပြန်၍ပြောသည်မှာ 'ဟေ့-မောင်ဥက္ကာ။ မြေကိုတူးမှ 'ခ-အဲ' ရသည်ကို လာမပြောပါနှင့်။ ငါ့မှာ မြေကို မတူးဘဲနှင့် ကျောင်းတိုင်ခေါင်းထဲက 'စ-ဦး' ကလေး တစ်ခုရသည်။'လို့ ပြောလိုက်သည်။ ဤသို့ ပြောလိုက်ဆဲအခါ၌လည်း ချင်း၏လက်ထဲမှာ ငါ ငုံ၍ကြည့်လိုက်ရာ ထန်းဖူးရေးသော ကညစ်ဟောင်းကလေးကို မြင်သည်။ ထိုကညစ်ဟောင်းကလေးကိုပင် မခေါ်တတ်၍ စူးကလေး ထင်မှတ်သောကြောင့် စ-ဦးကလေးလို့ ပြောဟန်ရှိသည်။ ထိုသို့ စ-ဦးဆိုခြင်း၌လည်း စ-ကိုခွင်း အ-ကြွင်းသော စ-၏အစိတ် အ-ကိုချေ၊ သရကင်းသော စ-ကို နောက်ဦးသို့ကပ်၊ စူးဖြစ်သည်။ ချင်းတို့ ၂ ယောက်ကား ယခုကပင်လျှင် ပုဒ်ဖြတ်ပြီး သဒ္ဒါစကား ပြောလေ့ရှိသည်။ နောင် ကျော်စောထင်ရှား သာသနာတော်၌ အကျိုးများလတ္တံ့သောသူများ ဖြစ်ဖွယ်သာတည်း။''ဟူ၍ မိန့်တော်မူပြီးလျှင်၊ ထိုသူငယ် ၂ ယောက်တို့၏ကစားခြင်းအမူအရာ ဟန်နေဟန်ထား ပြောရေးဆိုစတို့ကို အကဲခတ်တော်မူ၍ စကြံ လူးလားကြွသွားတော်မူမြဲပင် ကြွသွားတော်မူကာ ဣရိယာပုထ် မျှတော်မူသတည်း။

ထိုသို့ ဆရာတော်ဘုရားကြီး စကြံကြွတော်မူခိုက်တွင် 'ရတနာပွင့်လှ'ဟု မော်ကွန်းကမွည်းစိုက်၍ သမိုက်ရင်းအမည်ရှိသော မြို့အရှေ့ကန်တော်ကြီးဆီက အောက်ချင်းဖိုငှက်တို့သည် ပျံသန်း၍လာပြီးလျှင် ကျောင်းအနီး ညောင်ပင်ကြီး၌ ရှိရစ်သော သိုက်မြုံနေ အောက်ချင်းမတို့ကိုလည်းကောင်း၊ သားငယ် သမီးငယ် စသည်တို့ကိုလည်းကောင်း ရှာဖွေ၍ယူဆောင်သော အစာတို့ကို ထွေးအန်၍ ကျွေးရာ ကျေးငှက်ငယ်တို့သည် သဘာဝအလျောက်အားဖြင့် ညံညံစီစီ မြည်ကြ စမြဲဖြစ်ရကား ကရီကရီကျိုကျိုကျစ်ကျစ် စသည်ဖြင့် ဆူဆူညံညံ အသံမစဲ မြည်


mgyoe.com

mgyoe.com
SAMPLE BOOK

ကြွေးကြသည်ကို 'အရှင်သီလာစာရာဘိဓဇ' ဘွဲ့မည်ရှိသော နတ်မှီးလင်းဆရာ
တော်ကြားလျှင် စာစပ်တော်မူသည်ကား-

'အောက်ချင်းရင်သွေး၊ ဥကမွေးသည်၊ ကွေးလေးငှက်ငယ် သနားဖွယ်။'
ဟူ၍ စပ်ဆိုတော်မူလိုက်၏။

ဤသို့ ဆရာတော် စပ်ဆိုသည်ကို ကျောင်းအောက်၌ ကစားလျက်ရှိနေကြ
သော သူငယ် ၂ ယောက်တို့ကြားလျှင် 'မောင်ဥက္ကာ'ဟူသော သူငယ်က ပြော
သည်မှာ-

"ဟော့-မောင်ညို။ ကျောင်းပေါ်က ဘုန်းကြီးကြီး စာစပ်ဟန်မှာ ကဗျာ
ဖြစ်ရုံမျှသာ ရှိသည်။ သတိမထားက အမှားစင်စစ် ဖြစ်ရသည်။ အဘယ်ကြောင့်
နည်းဟူမူကား- ဥမှထွက်သော ငှက်သတ္တဝါကိုပင် 'အောက်ချင်းရင်သွေး ဥကမွေး
သည် ကွေးလေးငှက်ငယ် သနားဖွယ်။' ဟူ၍ အဥမှ မွေးသည်ဆိုခြင်းသည်
အလျှင်းမသင့်သည်သာတည်း။" ဟု 'မောင်ဥက္ကာ' ဆိုသောသူငယ်က ပြောလျှင်၊
'မောင်ညို'ဆိုသော သူငယ်က ပြန်ပြောသည်မှာ

"ဟော့- မောင်ဥက္ကာ။ ယခု ကျောင်းပေါ်က ဘုန်းကြီးကြီး စာစပ်ဆိုသည်
ကို မှားသည်ထင်လျှင် သင့်စိတ်ထဲမှာ အဘယ်ကဲ့သို့ စပ်ဆိုလိုပါသနည်း။"
ဟု မေးလတ်သော်၊ မောင်ဥက္ကာ စပ်ဆိုသည်မှာ-

"အောက်ချင်းခေါ်ငှက်၊ ဥမှထွက်သည်၊ နှုတ်အတောင် ပိတုန်းရောင်။"
ဟူ၍ သီကုံးဖွဲ့နွဲ့လေ၏။

ထိုအခါ မောင်ညိုဆိုသော သူငယ်ကလည်း

"အိမ်း- ကောင်း၏။ ငါကလည်း စာဖွဲ့၍ ဆိုဦးမည်။"ဟုပြောဆဲ၌၊
ကျောင်းထက်ရှိ အရှင် သီလာစာရဆရာတော်က

"ဟဲ့- နောက်တစ်ယောက်က လိုသေးသည်။ ဆိုပါဦးတော့လေ။" ဟု
မိန့်တော်မူသည်တွင်-

"အောက်ချင်းငှက်အောက်၊ ဥကပေါက်သည်၊ တောင်ရောက်နှုနယ်
သနားဖွယ်။" ဟူ၍ စပ်ဆိုလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK

ထိုအခါ ဆရာတော်က မိန့်တော်မူသည်မှာ-

"ဟေ့- မောင်ပဉ္စင်းတို့ ကျောင်းအောက်၌ ကစားလျက်ရှိသော သူငယ် ၂ ယောက်သည် အဘယ်သူ၏ သားမြေးနည်း။ ကြည့်လိုက်ကြလော့။" ဟူ၍ ပဉ္စင်းသာမဏေ အစရှိသည်တို့ကို စေခိုင်းတော်မူလျှင်ပင် ၂ ယောက်သောသူတို့သည် စာဆိုရင်းပြေးကြရာ၊

မောင်ဥက္ကာက ဆိုသည်မှာ "စာစပ်ကယ်ပလီ မယ်နှင်းဆီသား။" ဟူ၍ ဆိုလျှင်၊

မောင်ညိုကလည်း "တောင်ကိုပင် ရှောင်ခါပြေး မယ်ဒွေး၏သား။"ဟူ၍ သီဆိုကာ လက်တွဲလျက် ပြေးကြလေ၏။

ထိုအခါ အရှင်သီလာစာရဆရာတော်က "ထိုသူငယ် ၂ ယောက်တို့၏ ကိုယ်အမူအရာ, နှုတ်အမူအရာကို ကြားသိမြင်တွေ့ရခြင်းသည် ဆမ္ဘိတတ္တ* လောမဟံသ** ဖြစ်ဖွယ်ခမန်း အံ့သြဘနန်း ရှိတော့သည်။"ဟု လွန်စွာပင် ချီးမွမ်းထောမနာတော်မူလျက်သာ ပြောပမပြီး စံတော်မူရစ် ရှာသတည်း။

## အရှင်သီလာစာရဆရာတော် အိပ်မက်မြင်တော်မူသည်ကို ပြဆိုခြင်း

ထို့နောက် တစ်လခန့်ကြာသော် ရှင်ဥတ္တမကျော်၏အလောင်းဖြစ်သော ငယ်မည် မောင်ဥက္ကာ၏ အမိဖြစ်သူ မနှင်းဆီနှင့် ရှင်သီလဝံသ၏ အလောင်းဖြစ်သော ငယ်မည် မောင်ညို၏ အမိဖြစ်သူ မယ်ဒွေးတို့သည် အိမ်နီးယှက်တင် သားမိခင်ချင်း ဖြစ်သည်အားလျော်စွာ မိမိတို့၏သားသည် ၇ နှစ်အရွယ်သို့ ဆိုက်ရောက်ပြီးဖြစ်ကြသောကြောင့် တူညီညာတိုင်ပင်၍ စာသင်ခြင်းကိစ္စအလို့ငှာ ကျောင်းထားမည်ရှိရာ၊ ညဥ့်အခါတွင် အရှင်သီလာစာရ ဆရာတော်အိပ်မက် မြင်တော်မူသည်မှာ 'လက်ယာဘက်ရင်နို့ကို ရွှေကျေးသား စို့သည်၊ လက်ဝဲဘက်ရင်နို့ကို ရွှေခြသေ့ စို့သည်။' ဟု မြင်မက်တော်မူသည်။

---

* ဆမ္ဘိတတ္တ = ကိုယ်ခက်တရော်ရှိခြင်း။
** လောမဟံသ = ကြက်သီးမွေးညင်းထခြင်း။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့မြင်ချက် ထိုအိပ်မက်ကို ချင့်တွက်ဆင်ခြင်တော်မူသည်မှာ

'လက်ယာရင်နို့ကိုစို့သော ကျေးသားငယ် ဟူရာဝယ် စကားအရာ အင်္ဂါ ၄ တန် တတ်ကျေပွန်သဖြင့် အလွန်ပင်ထင်ရှားသော မင်းမဟော်မွေးစားသည့် ကျေးသားနှင့်အတူ တန်ခိုးကျူလျက် ထက်မြက်ဂမ္ဘီ ဗာဟီသဏ္ဍာန် အန္တတ်ဗာတျတ် ပိဋကတ်တွင် မလပ်သိမ်းကျုံး ကျမ်းလုံးကုန်စင် သာသနာလင်္ကာရ အာစရိယဝံသ စာတမ်း၌ အံ့မခန်းထင်ထင် ထွက်ရပ်ငြိမ်းထွင်သောကြောင့် လက်ယာလမ်းဝင်သူ တစ်ယောက် ဖြစ်လတ္တံ့။

'လက်ဝဲဘက်ရင်နို့ကို ရွှေခြသေ့စို့သည်ဟု မြင်မက်သောအရာမှာ ၃ ပုံ သတ်မှတ် ပိဋကတ်၌ တည်းဖြတ်ထွင်းဖောက် လိုရှိတိုင်းပေါက်နိုင်သဖြင့် ကောက် ကာယူငင် ချဲ့ထွင်စီကုံး သီရုံးခြင်းအမှု အစုစုတို့၌ ရှုမခန်းအံ့မခန်း ကျမ်းဆန်း ကိုပြု ကြီးထုအာဏာ ဟိတ်ဩဘာနှင့် မဟာသယန တံခွန်ပြလျက် ရာဇဝလ္လဖော် ထင်ပေါ်ကျော်ကြား ဆရာစဉ်၌ မတွင်ပြောဘဲ ရှောင်ရှားဖဲကြဉ် ခက်ခဲငြိမ်း ထွင်တတ်သော လက်ဝဲလမ်းဝင်သူတစ်ယောက် ဖြစ်လတ္တံ့။- ဟူ၍ ငါ၏အိပ်မက် အရကို အချက်ကျမမှား ဉာဏ်ကျက်စားလျက် ခွဲခြားတွေးထောက် ရွေးကောက် မှတ်ယူမှ သင့်ဖွယ်ရာသာတည်း။

'ဤသို့တွေးထောက် ကောက်ယူခြင်းအမှုကို ပြုထိုက်သည်အားလျော်စွာ ပြုပြန်ပါကလည်း ငါ၏အထံသို့ ပညာနို့ကို စို့မည်သူ တပည့်ကောင်း ကျောင်းတွင်း သို့ဆက်ဆက် နေ့ရက်မကြာ ၂ ယောက်သား လာ၍၊ 'စာမူ၌ထင်ရှားအောင် သင်ကြားတော်မူပါဘုရား။' ဟု လျှောက်ထားအပ်နှံ လာလတ္တံ့။' ဟူ၍ အိပ်မက်ကို ကောက်ယူတော်မူပြီးလျှင်၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလျက်သာ နံနက်အခါဖြစ်၍ စကြံလှူးလာ အမိစိတ္တသမာဖြင့် ဣရိယာပထ မျှတစံပယ်တော်မူသတည်း။

အရှင်ဥတ္တမကျော်နှင့် အရှင်မဟာသီလဝံသအလောင်းတို့ကို ကျောင်းအပ်ခြင်း

ဤသို့ စကြံလှူးလာ ဣရိယာဖြင့် မျှတကာနေကြိုက် အခါ၌ပင် မြို့လင်ရွာ နေ ဒါယကာ မောင်သောကြာ၊ ဒါယိကာမ မနှင်းဆီတို့က သားဖြစ်သူ မောင်ဥက္ကာ


mgyoe.com

mgyoe.com

SAMPLE BOOK

ကို လက်ဆွဲလျက်၊ လှူဖွယ်ဖြစ်သော ဆွမ်းဘောဇဉ် အဖျော်ယမကာတို့ကို ထမ်းဆောင်လျက် ယင်းသည့်ရွာနေ ဒါယကာ မောင်ကြည်, ဒါယိကာမ မယ်ဒွေးတို့ကလည်း သားဖြစ်သူ မောင်ညိုကိုလက်ဆွဲလျက်၊ လှူဖွယ်ဖြစ်သော ဆွမ်းဘောဇဉ် အဖျော်ယမကာတို့ကို ထမ်းဆောင်လျက် 'သီလာစာရာဘိဓေ' ဘွဲ့မည်ရသော နတ်မိုးလင်းဆရာတော်ထံသို့ ရောက်လာဦးခိုက်၍ မိမိတို့၌ပါသော လှူဖွယ်ဝတ္ထုတို့ကို ဆရာတော်အား ကပ်လှူခြင်းကိစ္စ ပြီးလတ်သော်၊ "ဘုရာ့တပည့်တော်တို့နှင့်ပါလာသော သားဖြစ်သူ ဤသူငယ်များကို မေတ္တာပုဗ္ဗင်္ဂမ ရှေ့ပြေးထားလျက် သနားသဖြင့် ချီးမြှင့်ပြီးကာ စာမှုလိမ္မာအောင် ကြိမ်တံပြာ နှိမ်ကာပြ၍ ဆုံးမပဲ့ပြင်သွန်သင်နည်းပေးပြုတော်မူပါဘုရား။"ဟု လျှောက်ထားအပ်နှံပြီးလျှင် မိခင်ဖခင်တို့သည် အိမ်သို့ ပြန်လာကြကုန်၏။

'အရှင်ဥတ္တမကျော်'တွင်မည့် မောင်ဥက္ကာ စာအံရင်း စာကြံမိသည်ကို ပြဆိုခြင်း

ဆရာတော်ဘုရားလည်း အပ်၍ထားခဲ့သော တပည့်သူငယ် မောင်ဥက္ကာနှင့် မောင်ညိုတို့ကို စာသင်စေခြင်းဌာ 'စာသင် ကြာသပတေး, စာရေး သောကြာ' ဆိုသည်နှင့်အညီ ကြာသပတေးနေ့ အခါရ၍၊ စာ စ၍ သင်စေရာ 'နမောဗုဒ္ဓါယ သိဒ္ဓံ၊ အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, အဲ, ဩ, ဪ, အံ, အား' ဟူသည်ကို ရှင်ဥတ္တမကျော်၏ အလောင်းဖြစ်သော လူမည် မောင်ဥက္ကာက ပြောသည်မှာ

"ဟေ့သူငယ်ချင်းတို့။ ယခု ငါတို့အံသောစာ၌ ၄က် ၃ ကောင် ပါသည်။" ဟုဆိုရာ၊ တစ်ပါးသော သူငယ်ဖော်တို့က ပြောသည်မှာ

"မောင်ဥက္ကာ။ သင်အံသော စာ၌ အဘယ်၄က် ၃ မျိုးပါသနည်း။"ဟု မေးကြပြန်ရကား ဤသို့ ပြောလေ၏။

"နားထောင်ကြ သူငယ်ချင်းတို့။ နမောဗုဒ္ဓါယ ဆိုရာ၌ 'ဗုတ်(ဘုတ်)' တစ်ကောင်ပါသည်။ အ, အာ ဆိုရာ၌ 'ကျီး' တစ်ကောင်ပါသည်။ ဩ,


mgyoe.com

mgyoe.com SAMPLE BOOK

သြော်ဲ ဆိုရာမှာ 'ဥသြ'ငှက်တစ်ကောင်ပါသည်။ သို့ဖြစ်၍ ငှက် ၃ ကောင် ပါသည်ဟု ငါပြောသည်။'' ဆိုလေ၏။

အရှင်သီလာစာရဆရာတော် အိပ်မက်တော်ကို သတိရခြင်း

ထိုအခါ မောင်ဥက္ကာပြောသောစကားကို အရှင်သီလာစာရ ဆရာတော် ကြားလျှင် ဤသို့ သတိရတော်မူလေ၏။ 'သြော်-တစ်နေ့က ငါမြင်မက်သော အိပ်မက်၌ လက်ယာရင်နို့ကိုစို့သော ရွှေကျေးသား ဟူသောတပည့်သည် အခြား တစ်ပါးသူ မဟုတ်ချေ။ စကားတတ်လိမ္မာ စာပေပိဋကတ်၌ ပတ်ပတ်တို့ခေါက် မွေ့နှယ်နှောက်လျက် တစ်ယောက်ထင်ပေါ် ကျမ်းဂန်နှင့်ပျော်ပြီးလျှင် အထူး မွေ့လျော်လတ္တံ့သောသူသည် မိနှင်းဆီနှင့် သောကြာတို့၏ သားပင်တည်း။'ဟု တပ်အပ်ထင်ရှား သိတော်မူသဖြင့် ဝီရိယုဿာ မကွာမလပ် နိစ္စပတ် အားထုတ် ကြိုးပမ်းကုတ်၍ အဟုတ်အဟတ် အပ်လာသောတပည့်များကို သင်ကြားပြသတော် မူသတည်း။

ဤသို့ ၇ နှစ်သားအရွယ်မှစ၍ ဥဿာဟနှင့် လုံ့လမချို့ ချပို့သင်ကြားရာ၊ ၁၀ နှစ်သားအရွယ်သို့တိုင်ရောက်သော် ဓာတ်ကြီး ၁၀ ဘွဲ့ ငြိမ်း၏။ ၁၂ နှစ် သားသော် သဒ္ဒါကြီး ၈ စောင်၌ သုတ်ပြီးရပ်ပြီး ဓာတ်ပစ္စည်းငြိမ်း၍ လက်သန်း အဋ္ဌကထာတို့၌ သရုပ်သရူပကို ရှင်းလင်းနိုင်၏။ ၁၄ နှစ်သားသော် 'အဘိဓမ္မတ္ထ ဝိဘာဝနီ' ခေါ်ကျမ်းကြီးနှင့် ဓမ္မသင်္ဂဏီအဋ္ဌကထာကို ရတန်သမျှသော အာဂုမ် အာဂမ သဘာဝယုတ္တိ ကျမ်းရိုးကိုမိသဖြင့် လှည့်ရွတ်ပြန်ဆိုနိုင်၏။

၁၅ နှစ်သော် ရှင်သာမဏေပြုချိန်ရွယ်လင့် အခါသင့်သည်ဖြစ်၍ သာသနာ တော် ၂၁၀၂ ခု- ကောဇာသက္ကရာဇ် ၈၃၀ ပြည့်နှစ်၊ မိုးညှင်းမင်းဖြိုးအတိုသက္ကရာဇ် ၃၂ ခုနှစ် ရတနာပူရ ရွှေအင်းဝ၌ 'ပြည်စုန်မင်း'ခေါ် ဘုရင်သီဟသူ နန်းတက်ပြီး ၅ လအခါတွင် မင်္ဂလာစီးစန်းလက် ကောင်းဘက်ညီညာ အတိမဟန္တ ဖေယျအခါ၌ ၂ ဖြာသောမိဘတို့က ရတနာပုတ္တ ရှုမဝသော ဩရသမှန်စွာ မောင်ဥက္ကာကို


mgyoe.com

mgyoe.com


မြတ်စွာအတုလ သုဂတဟု လူ့ဖသနင်း သာသနာတွင်းသို့ သွတ်သွင်းခြင်းသဘင် ပွဲကြီး ရင်သတည်း။

ထိုအခါ အရှင်သီလာစာရဆရာတော်ထံ ဥပဇ္ဈာယ်ယူ၍ ရှင်မည်ခံရာ တနင်္ဂနွေသားဖြစ်သောကြောင့် 'မောင်ရှင်ဥတ္တမ' ဟု ဘွဲ့ ချည်တော်မူလေ၏။

## အရှင်သီလာစာရဆရာတော်၏ ဉာဏ်စမ်းသည်ကို ပြဆိုခြင်း

တစ်ရံသောအခါ အရှင်သီလာစာရဆရာတော်သည် ကျောင်းနေတပည့် ရှင်သာမဏေတို့အနက် မည်သူ သာ၍ ဉာဏ်သွားထက်မြက်သနည်း ဟု သိတော်မူလိုသဖြင့်၊ ဂါထာမမည်, စုဏ္ဏိယမမည် ပါဠိစီ၍ ပေးတော်မူသည်မှာ- 'တိ အတီတေတိ အန္တေ တေ ဧဟိ သမ္ဗုဒ္ဓေါ' ဟူ၍ရေးပြီးလျှင် မောင်ရှင်သာမဏေ တို့ကို 'အနက်မြန်မာ ပြန်ဆိုရမည်။' ဟု ဆရာတော်က စေခိုင်းတော်မူသောအခါ၊ များစွာသော တပည့်တို့သည် 'တိအတီ တေ တိအန္တေ ဆိုရာ၌ အဘယ်တိ အဘယ်တေက စ၍ အနက်ပေးရမည်။' ဟု တွေးတောမရ ရှိနေကြကုန်၏။

ထိုအခါ မောင်ရှင်ဥတ္တမက အနက်ပေး၍ ဆရာတော်ကို လျှောက်သည်မှာ "'တိအတီတေတိအန္တေ၊ တေ ဧဟိသမ္ဗုဒ္ဓေါ' ဟူသည်၌ သမ္ဗုဒ္ဓေါ၊ သစ္စာ ၄ပါး မြတ်တရားကို ပိုင်းခြားထင်ထင် ဆရာမရှိ သိမြင်တော်မူသော မြတ်စွာဘုရားသည်။ တိဘဝေ၊ ဘုံ ၃ ပါးမှ။ အတီတော၊ လွန်မြောက်တော်မူ၏။ တိဘဝေ၊ ဘုံ ၃ ပါးမှ။ အန္တေ၊ အဆုံးသို့ ရောက်တော်မူ၏။ တေ၊ ဘုံ ၃ပါး၏ အဆုံးသို့ ရောက် တော်မူသော ရှင်ပင်ဘုရားသည်။ ဧဟိ၊ ကြွတော်မူပါဘုရား။' ဟူ၍ အနက် ပေးလျှင်၊ ဘုရားပင့်သောစကား ဖြစ်ပါသည်။

"တစ်နည်း အနက်ပေးပြန်သော်ကား-'တေ၊ သင်သည်။ တိဘဝေ၊ ဘုံ ၃ ပါးမှ။ အန္တေ-အန္တော၊ အဆုံးသို့ရောက်သည်ဖြစ်၍။ ဧဟိ၊ လာလှည့်။ ဣတိ၊ ဤသို့။ သမ္ဗုဒ္ဓေါ၊ သစ္စာ ၄ ပါး မြတ်တရားကို သိတော်မူသော မြတ်စွာဘုရား သည်။ (ထည့်ပါ) အဝေါစ၊ မိန့်တော်မူ၏။' ဤသို့ အနက်ပေးလျှင်လည်း ရပါ သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

"သို့သော်လည်း ဤအရာ၌ မည်သည့်ပုဂ္ဂိုလ်ကိုမျှ စွဲ၍ခေါ်တော်မူရင်း စကားမဖြစ်ဘဲ ရှိချေရကား စင်စစ်အားဖြင့် ဘုရားရှင်က ခေါ်တော်မူလိုရင်း အာဘော်တော်အရသို့ ဆိုက်အောင် ဤသို့ အနက်ပေးလျှင် ကောင်းဖွယ်သာတည်း ဟု စကားပလ္လင်ခံ၍ မိမိအလိုရှိရာသို့ ဆွဲ၍ အနက်သမ္ပန် ပြန်သည်မှာ

"သမ္ဗုဒ္ဓေ၊ သစ္စာ ၄ ပါး မြတ်တရားကို ဆရာမရှိ မိမိအလိုလို ကိုယ်တော် တိုင် သိတော်မူသော ငါဘုရားသည်။ တိဘဝေ၊ 'ကာမ,ရူပ,အရူပ' ဟုဆိုအပ် သော ၃ ပါးသောဘဝမှ။ ဝါ၊ ဘုံ ၃ ပါးမှ။ အတီတေ၊ လွန်မြောက်တော်မူပြီ။ တိအန္တေ၊ ဘုံ ၃ ပါးအတွင်း၌ နစ်မြုပ်၍ နေရစ်သော။ ဝါ၊ မပါကျန်ရစ်သော။ တေ၊ ဿင် မောင်ရှင်ဥတ္တမသည်။(ထည့်ပါ) တိအန္တံ၊ ချမ်းမြရိပ်မွန် ပြည်နိဗ္ဗာန် တည်း ဟူသော ဘုံ ၃ ပါးအဆုံးသို့။ ဧဟိ၊ လာလှည့်။ ဝါ၊ လျင်မြန်ဆောစွာ ရောက်အောင်လာလော့။"

ဤသို့အနက်ပေး၍ ရေးလိုက်သော စာကြောင်းအောက်မှ မိမိအလိုရှိသော စကားကို လျှောက်ထားချက် ဆက်လိုက်သည်မှာ-

"ဤပါဠိအထွက်ကို အနက်အရ သမ္ပန်ရာ အဓိပ္ပာယ်လာသည်ကား အခြား မဟုတ်ပါ။ သစ္စာ ၄ ပါး မြတ်တရားကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော သင်တို့ဆရာ ငါဘုရားသည် ဘုံ ၃ ပါးမှ လွန်မြောက်တော်မူပြီ။ ဘုံ ၃ ပါးအတွင်း၌ နစ်မြုပ်ပြီးကာ မပါကျန်ရစ်သော သင်မောင်ရှင်ဥတ္တမသည် ဘုံ ၃ ပါး အဆုံးဖြစ်သော နိဗ္ဗာန်ရွှေပြည်တော်သို့ လျင်မြန်ဆောစွာ ရောက်အောင် လာလော့ဟူ၍ တပည့်တော်ကို ၃ လူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားက ခေါ် တော်မူသော စကားကို ရေးထားသော ပါဠိဖြစ်မည် ထင်ပါသည်။"ဟု လျှောက် ချက်နှင့်တကွ အနက်ပေးပြီး စာလွှာကို ဆရာတော်ဘုရားကြီး၏လက်တော်သို့ ဆက်ကပ်လေ၏။

အချို့သော မောင်ရှင်သာမဏေတို့ကလည်း မိမိတို့ ဉာဏ်စွမ်းရှိသမျှနှင့်ပင် ဉာဏ်မြင့်သလောက် ကယောက်ကယက် ဆရာတော်ကို ကြောက်သည့်အတွက်ဖြင့်


mgyoe.com

mgyoe.com

SAMPLE BOOK

သာ အနက်ပေး၍ မိမိတို့ရေးသောစာလွှာကို လက်တော်ရောက် ဆက်ကပ်လာကုန်၏။

ရှင်ဥတ္တမကျော်၏လျှောက်ထားချက်ကို
ဆရာတော်, သံဃာတော်များ ဝမ်းသာချီးမွမ်းခြင်းကို ပြခြင်း

ထိုအခါ ပထမစာချ, ဒုတိယစာချ ဖြစ်တော်မူကြကုန်သော တိုက်တွင်းရှိ အာရာမ်ကျောင်း ဘုန်းတော်ကြီးတို့ကိုလည်း အရှင်သီလာစာရဆရာတော်က နေ့ဆွမ်းပင့်ဖိတ်၍ထားသော နေ့ဖြစ်ရကား ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော်၊ များစွာသော ဆရာတော်, သံဃာတော်တို့ရှေ့တွင် တပည့်ငယ်တို့ လျှောက်ချက်ဖြစ်သော အနက် ပေးစာလွှာများကို ဖတ်ရှု၍ ကြည့်တော်မူကြရာ မောင်ရှင်ဥတ္တမရေးသည့် အနက် ၃ မျိုးခွဲ၍ပေးသော စာလွှာနှင့် လျှောက်ထားချက်ပါသည်ကို အာစ, လျှာစပီသ သေချာစွာ ဖတ်ရွတ်တတ်သော ကျောင်းစာရေး 'မောင်ထွား' ဆိုသူက ဖတ်လျှောက်ရာ၊ စာ၏အဆုံးတွင် အလုံးစုံသော ဆရာတော် သံဃာတော်တို့သည် ပျားပန်းခပ်မျှ ဝမ်းမြောက်ဝမ်းသာ အံ့ဩထောမနာလျက် လွန်စွာပင် ရယ်မောခြင်း ဖြစ်ကြရကုန်၏။

တစ်နေ့သောအခါ၌လည်း အချိန်ကာလ သမယအလျောက် ကထိန်သင်္ကန်း ကပ်မည့်နေ့သို့တိုင်ရောက်ရာ ဂိုဏ်းဂဏရှိများစွာသော ပင့်သံဃာဆရာတော်တို့ကို ဆွမ်းကွမ်းဖြင့် ကျွေးမွေးပြုစု၍နေကြစဉ်၊ မောင်ရှင်ဥတ္တမသည် အရှင်သီလာစာရ ဆရာတော်၏အခန်းတွင်းသို့ ဝင်၍ ဖထိုင်ညောင်စောင်းပေါ်တွင် တင်၍ထားသော ယခုနေ့ ဆွမ်းစား၍ ပြီးလျှင်ပင် သံဃာတော်တို့ အစည်းအဝေးဖြစ်သော ကထိန်ပွဲအလယ်၌ဖတ်ရမည့် ကထိန်အမေး,အဖြေ ပုရပိုက် ၂ ဆူတွင် အမေးဖြစ်သော ပုရပိုက်မျက်နှာဖုံး၌ ဆီးဖြူသီးလုံးခန့်မျှသော စာလုံးကြီးဖြင့် 'ဣတ္ထိ ဗိဇံ အဟံ ဝန္ဒာမိ' ဟူ၍ ထင်ထင်ရှားရှား ကန့်ကူဆံထက်စွာနှင့် အက္ခရာရေးသား၍ ထားလေ၏။


mgyoe.com

mgyoe.com

ထို့နောက် မကြာမီ နေ့ဆွမ်းကိစ္စ ပြီးစီးလတ်သော် ဆရာတော်, သံဃာတော်တို့အစုံအညီ ကထိန်အစည်းအဝေးပြုလုပ်ရန် ခင်းကျင်း၍ ထားရာဖြစ်သော၊ ဓမ္မာသနမဏ္ဍပ်သို့ ကြွရောက်၍ သီတင်းသုံးတော် မူမိကြလျှင်၊ အရှင်သီလာစာရ ဆရာတော်က ''ကထိန်အမေး,အဖြေရှိသော ပုရပိုက် ၂ ဆူကို ယူချေ။''ဟု ပဉ္စင်း, သာမဏေတို့ကို စေခိုင်းတော်မူသောအခါ၊ ပဉ္စင်းပျိုတစ်ပါးက ယူ၍ ဆရာတော်လက်သို့ ဆက်ကပ်ရာ များစွာသော ဥဒ္ဓိအာဂန္တုဆရာတော် သံဃာတော်တို့သည် ပုရပိုက်၏ မျက်နှာဖုံးထိပ်၌ ရေးနှိပ်လျက်ပါသော 'ဣတ္ထိ ဗိဇံ အဟံ ဝန္ဒာမိ' ဟူသော အက္ခရာစာလုံးကြီးများကို မြင်တော်မူကြလျှင်၊ အရှင်သီလာစာရ ဆရာတော်သို့ လျှောက်ကြသည်ကား ''ဆရာတော်ဘုရား။ ဤပုရပိုက်မျက်နှာဖုံး၌ ရေး၍ထားသောစာသည် အဘယ်အလို့ငှာ ရေး၍ထားပါသနည်း။''ဟု မေးလျှောက်ကြသည်တွင်၊ ဆရာတော်လည်း ထိုအက္ခရာကို မြင်တော်မူ၍ အလွန်ပင် ရှက်စနိုးရှိတော်မူရကား၊ ကျောင်းသားများနှင့် မောင်ရှင်သာမဏေတို့ကို ခေါ်တော်မူ၍ ''ငါ၏ အခန်းထဲသို့ အဘယ်သူဝင်သနည်း။''ဟု စစ်ဆေးမေးမြန်းတော်မူလျှင်၊ ကျောင်းသားကုန်စင် မောင်ရှင်, ပဉ္စင်းတို့က 'ဆရာတော်ဘုရား၏ အခန်းတွင်းသို့ မိမိတို့ မဝင်ကြောင်း။'ကို လျှောက်ထားကြလေ၏။

ထိုအခါ ဆရာတော်က ''မည်သူဝင်သည်ကို မြင်ကြသနည်း။''ဟု မေးတော်မူပြန်ရာတွင်မှ ကျောင်းသားကုန်စင် မောင်ရှင်, ပဉ္စင်းတို့က ''ကိုရင်ဥတ္တမ ဝင်သည်ကို မြင်ပါသည်။''ဟု တညီတညွတ်တည်း လျှောက်ကြသောအခါ၊ အရှင်သီလာစာရဆရာတော်သည် လွန်စွာပင် စိတ်ဆိုးတော်မူသောကြောင့် မောင်ရှင်ဥတ္တမကို ခေါ်တော်မူ၍ ''သံဃာတော်တို့အလယ်တွင် သင်သည် ညစ်ညမ်းစွာသော စာကို အဘယ့်ကြောင့် ဤကထိန် အမေး,အဖြေ ပုရပိုက်မျက်နှာဖုံးတွင် ရေး၍ထားဘိသနည်း။''ဟု မိန့်ဆို စစ်မေးတော်မူရာ၊

မောင်ရှင်ဥတ္တမကလည်း ''ဘုရားတပည့်တော်ရေးသား၍ ထားသည်ကား မှန်ပါ၏။ သို့သော်လည်း ဝိနယအဋ္ဌကထာဝယ် မုသာဝါဒ သိက္ခာပုဒ်အဖွင့် ဩမသဝါဒ၌လာသော ညစ်ညမ်းယုတ်မာသည့် စကားမျိုး မဟုတ်ပါ။ တပည့်တော်

mgyoe.com


ရေးသားရင်းအာဘော်မှာ ဘုရားရှိခိုးပြုလုပ်ရန် ရေးသားစီကုံးခြင်းပါဋ္ဌိ ဖြစ်ပါသည်။''ဟု မကွယ်မထောင် မိမိရေးသားထားကြောင်းကို ဖြောင့်ဖြောင့်ထွက်ဆိုဝန်ခံလေလျှင်၊ အရှင်သီလာစာရဆရာတော်၏ သဘောတော်၌ 'ချင်းသည် ယုတ်မာညစ်ညမ်းသော စကားမျိုးဖြင့် ရေးသား၍ထားသည်ကို ငါကိုယ်တိုင် မြင်ပါလျက်နှင့်ပင် 'ဘုရားရှိခိုးပြုလုပ်ရန် ရေးစီသောပါဋ္ဌိ ဖြစ်ပါသည်။' ဟူ၍ ငါ့အား မထီလေးစား ထပ်မံ၍လျှောက်ထားခြင်းကို ပြုပြန်ရသလော။'ဟု သာ၍ပင် စိတ်ဆိုးတော်မူပြန်ရကား-

မောင်ရှင်ဥတ္တမ၏ကျောပေါ်တွင် တောင့်ဖေးပြုလုပ်သော ကြိမ်ကို တင်၍ ''သင်ရေးသော ဘုရားရှိခိုးစာဆိုသည်ကို သင်ပင်အနက်ပြန်ဆို၍ လျှောက်လော့။'' ဟု မိန့်တော်မူလျှင်၊ မောင်ရှင်ဥတ္တမသည် 'ဣတ္ထိဗိဇံ-အဟံဝန္ဒာမိ' ဟူသည်ကို ဤသို့ အနက်ပေးလေ၏။

''ဣတ္ထိဗိဇံ၊ မိန်းမတကာတို့၏ဦးဆောက်ပန်း သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်းဝယ် ရေဖျန်းလက်ယာ တောင်ညာတင်ထား သိရီမဟာမာယာဒေဝီ မိဖုရားကြီး၏ ဝမ်း၌ ကိန်းပိုက်သန္ဓေ စံနေတင့်အပ် လူတို့ဥက္ကဋ္ဌ လောင်းလျာနတ်တစ်ဆူဖြစ်တော်မူသည်နှင့်အညီ ရွှေဆင်းတုအတူ ဣန္ဒြေတော်ယူလျက် သရဖူဆောင်း မင်းအပေါင်းတို့ထက် မြတ်တော်မူသော 'သိဒ္ဓတ်မင်းသား' တည်းဟူသော ဘုရားမျိုးစေ့ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဟူ၍ အနက်ရပါသည် ဘုရား။''ဟု လျှောက်ထားသောအခါ၊

အရှင်သီလာစာရဆရာတော်က မိန့်တော်မူပြန်သည်မှာ-

''ဟဲ့-မောင်ရှင်။ သင် ယခုပေးသောအနက်သည် ရိုက်အံ့သောဒဏ်မှ ချမ်းသာရစေခြင်းငှာ သင်အလိုရှိရာသို့ ဆွဲ၍ပေးသော အနက်စကားသာ ဖြစ်သည်။ စင်စစ်အားဖြင့် ပုဒ်ရင်းအနက် ထွက်လာသည်မဟုတ်၍ ထွေးရှုပ်ခြင်းရာ ကြံယာမသတ် တုလျှတ္တ* စာသွားကို ငါ့အား နင်မကြောက်၍သာ ထင်သလိုလျှောက်သလော။''ဟု မေးတော်မူပြီးလျှင် ရိုက်နှက်မည် ပြုလုပ်သောအခါ၊ အစည်းအဝေးရှိ

* တုလျှတ္တ(တုလျှ) = နှိုင်းချိန်ရသည်။ တူသည်။

mgyoe.com

mgyoe.com

ဆရာတော်၊ သံဃာတော်တို့က "သည်းခံတော်မူပါဘုရား။ ချမ်းသာပေးတော်မူပါဘုရား" စသည်ဖြင့် တောင်းပန်တော်မူကြဆဲတွင် မောင်ရှင်ဥတ္တမက ထပ်မံ၍ လျှောက်ထားပြန်သည်မှာ

"ဘုရားတပည့်တော် ရေးသားသောပါဠိကို ယခုအနက်ပေးခြင်း၌ မရှင်းလင်းသော စကားရှုပ်ထွေး မိမိလိုရာကိုသာဆွဲ၍ အနက်ပေးသည်ဟု အရှင်ဆရာတော်ဘုရားကြီးသည် ထင်မှတ်တော်မူသည် ဖြစ်အံ့။ ထို 'ဣတ္ထိဗိဇံ-အဟံ ဝန္ဒာမိ' ဟူသောပါဌ်ကို ဥပမာအားဖြင့် ဘုရားဟောပါဠိတော်အရာ ထားတော်မူပါ။ အဘယ့်ကြောင့်နည်းဟူမူကား သဒ္ဒါကိုချုံးခြင်း ဟူသော သဒ္ဒသြဇဂုဏ်သို့လိုက်၍ သခေံပနယအားဖြင့် အကျဉ်းမျှသာ ဘုရားတပည့်တော်သည် ရေးသားထားခြင်း ဖြစ်ပါသည်။

"ဤသို့ အကျဉ်းကိုပင် ပေါ်လွင်ထင်ရှား အနက်သွား သေချာရှိစေငှာကို အဋ္ဌကထာဖွင့်ဟန်ဖြင့် အတွန့်အတက်နှင့်တကွ ရေးစီဖွင့်ပြရပါမည့်အကြောင်း။" နှင့်လျှောက်ထားတောင်းပန်ပြန်သောအခါ၊ အစည်းအဝေးရှိ ဆရာတော်၊ သံဃာတော်အပေါင်းတို့က

"ထိုမောင်ရှင်ဥတ္တမ၏စကား၌ မိမိရေးသော 'ဣတ္ထိဗိဇံ အဟံဝန္ဒာမိ' ဆိုသည်ကိုပင်လျှင် ဘုရားဟောကဲ့သို့ ပါဠိတော်အရာထား၍ အဋ္ဌကထာသွားနှင့် ထပ်မံဖွင့်ပြ ရေးသားရပါမည့်အကြောင်း ဆိုသည်ကို စကားလည်းကြွယ် လွန်ဆန်းကြယ်၍ ကြီးကျယ်စွာရှိလှသော ရှင်သာမဏေပါတကား။" ဟု အောက်မေ့တော်မူကြ၍၊ စကားအရ ဆုံးစထွေးထင် ဉာဏ်သိမြင်သဖြင့် ရယ်ရွှင်သောသော အံ့သြပြီးကာ ထောမနာဂုဏ်ဟိတ်ဖြင့်သာ အချင်းချင်း ခေါင်းညိတ်လည်ညိတ်ပြု၍ ချီးမွမ်းတော်မူပြီးလျှင် အရှင်သီလာစာရဆရာတော်သို့ လျှောက်ထားတော်မူကြသည်မှာ-

"ဆရာတော်ဘုရား။ ယခု မောင်ရှင်ဥတ္တမက သူ၏စာကို ပါဠိတော်ပြုပြီးလျှင် ဝါကျအထွက် ပုဒ်မပျက်ဘဲ အနက်သွားရှင်းလင်းစေခြင်းငှာ အဋ္ဌကထာဖွင့်ဟန်နှင့်တကွ ရေးစီ၍ပြရပါမည့်အကြောင်းကို ခွင့်တောင်းလျှောက်ထားသည့်


mgyoe.com

mgyoe.com

အတိုင်း ဤမောင်ရှင်၏ ရေးသားခြင်းကိုလည်း ဘုရားတပည့်တော်တို့ သံဃာတော် အစည်းအဝေးများကပင် သိလို၊ ကြည့်လို၊ မြင်လိုကြပါသည်ဘုရား။''ဟု လျှောက်ထားတော်မူကြလေလျှင် အရှင်သီလာစာရ ဆရာတော်သည် မောင်ရှင်ဥတ္တမအား ရေးသားရန် အခွင့်ပေးတော်မူလိုက်၏။

ထိုအခါ မောင်ရှင်ဥတ္တမသည် သင်ပုန်းတစ်ခုကိုယူ၍ ကန့်ကူဆံကို ချွန်ပြီးလျှင်၊ ဆရာတော် သံဃာတော်တို့အလယ်တွင်ပင် မကြောက်မရွံ့ ဝန်လေးစွာ ကြံတွေး၍ ပါဠိစီရခြင်း မရှိ။ မိမိရပြီးကို စဉ်းစား၍ ရေးသားသည်နှင့် မခြားမနား အဋ္ဌကထာဖွင့်ဟာန်ဖြင့် စီကုံးလိုက်သည်ကား-

'''ဣတ္ထိဗိမ္ဗံ အဟံဝန္ဒာမိ' ဟူသည်ကား ကျေးဇူးရှင်ဆရာတော်၏ မနသိကာရတော်၌ ညစ်ညမ်းသောစကားကို ရေးစီ၍ထားသည်ဟု သံသယမကင်း ရှိတော်မူသည်ဖြစ်၍ ဒေါမနဿဖြစ်ပွားတော်မူရာတွင် သံဃာပရိသတ်နှင့်တကွ တောင်းပန်မှ အရိုက်အနက်ဒဏ် မခံလွတ်ရသည့် ပါဠိရင်း ဖြစ်ပါသည်။ ယခုအခါ ဆိုခဲ့ရင်းရှိသောပါဠိကို အဋ္ဌကထာ ဖွင့်ရအံ့သောကာလသို့ ဆိုက်ရောက်ပြီဖြစ်၍ ဖွင့်ပြလိုသော ဆရာသည်။

''ဣတ္ထိတိ သုဓ္ဒေါဒနေန မဟာရာဇေန- သဒ္ဓိံအဘိသေက သဟာယိကာ အဂ္ဂမဟေသီ မာယာဒေဝီ။ ဗိမ္ဗန္တိ-တဿာ မာယာဒေဝိယာ ဥရသိဇာတံ ဗုဒ္ဓဗိဇင်္ကုရံ သိဒ္ဓတ္ထရာဇကုမာရံ။ အဟံ ကာယဝစီ မနော သဒ္ဓိံတေဟိ တီဟိဒွါရေဟိ ဝန္ဒာမိတိ အတ္ထော ဒဋ္ဌဗ္ဗော။ ဤကား အဋ္ဌကထာပါဌ် ဖြစ်ပါသည်ဘုရား။

''အနက်မြန်မာပြန်ဆို၍ လျှောက်ပါဦးအံ့။ ။ ဣတ္ထိတိ၊ ဣတ္ထိ ဟူသည်ကား။ သုဓ္ဒေါဒနေန၊ စင်ကြယ်သော ပွဲတော်ထမင်း ရှိသော။ တစ်နည်းကား- သုဓ္ဒေါဒနေန၊ 'သုဓ္ဒေါဒန'အမည်ရှိသော။ မဟာရာဇေန၊ မြတ်သောမင်းကြီးနှင့်။ သဒ္ဓိံ၊ တကွ။ အဘိသေက သဟာယိကာ၊ အဘိသိက်ခံဖြစ်သော။ အဂ္ဂမဟေသီ၊ မြတ်သော မိဖုရားကြီးဖြစ်သော။ မာယာဒေဝီ၊ 'မာယာ'မည်ခေါ် ဘုရားမယ်တော်တည်း။ ဗိမ္ဗန္တိ၊ 'ဗိမ္ဗံ'ဟူသည်ကား။ တဿာ မာယာဒေဝိယာ၊ ထို မာယာဒေဝီ မိဖုရားကြီး၏။ ဥရသိဇာတံ၊ ရင်၌ဖြစ်သော။ ဗုဒ္ဓဗိဇင်္ကုရံ၊ ဘုရားမျိုးစေ့ အညွန့်


mgyoe.com

ဖြစ်သော။ သိဒ္ဓတ္ထ ရာဇကုမာရံ၊ သိဒ္ဓတ်မင်းသားကို။ အဟံ၊ သည်။ ကာယ ဝစီမနော သခ်ီ်ါတေဟိ၊ 'ကိုယ်,နှုတ်,စိတ်'ဟု ဆိုအပ်ကုန်သော။ တီဟိဒွါရေဟိ၊ ၃ ပါးသောဒွါရတို့ဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဣတိ အယံ အတ္ထော၊ ဤသို့သော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

"ဤကား အဋ္ဌကထာ ဖွင့်ဟန်ဖြင့် အတွန့်အတက်နှင့်တကွ အပေါ်၌ ပြသောစကား ဖြစ်ပါ၍ ဘုရားတပည့်တော်၏ အပြစ်မရှိ ကင်းစင်၏ဟူသည်ကို လျှောက်ထားအသနားခံပါသည် ဆရာတော်ဘုရား။"ဟူ၍ အောက်၌ လျှောက်လွှာ ထည့်ပြီးလျှင်၊ ရေးပြီးသင်ပုန်းကို သံဃာ့အစည်းအဝေးအလယ်၌ ထိုင်တော်မူသော အရှင်သီလာစာရ ဆရာတော်ဘုရားကြီးသို့ ဆက်ကပ်သောအခါ ဆရာတော်သည် သေချာစွာပင် စေ့စေ့စပ်စပ် အစ,အဆုံးသတ် ဖတ်တော်မူ၍ ကြည်ရွှင်သောမျက်နှာ တော်ဖြင့် ပြုံးတော်မူပြီးလျှင် သင်ပုန်းကို သံဃာတော်တို့သို့ ကမ်းလှမ်းတော်မူ လိုက်၏။

ထိုအခါ ဝက်ခြင်းကန်ရွာကျောင်းဘုန်းတော်ကြီးက အများသံဃာတို့ အကုန်ကြားသိတော် မူကြစေခြင်းငှာ အက္ခရာကျနှ ဌာန်, ကရိုဏ်းပီသစွာ ဖတ်ရွတ် တတ်သော ကျောင်းစာရေးတစ်ယောက်ကို ခေါ်၍ ဖတ်စေရာ၊ အနုသန္ဓေစပ်၍ တက်သော မြန်မာဘာသာစကား၊ မာဂဓဖြင့် ရေးသားသော အဋ္ဌကထာသွား ပါဠိ၊ ၎င်း၏နိဿယ အောက်ဆုံးကလျှောက်လွှာ အရာရာတို့ကို သေချာစွာနာတော်မူကြ ပြီးလျှင် စာဖတ်ခြင်း ပြီးဆုံးသောအခါ၌ အုန်းအုန်းကျွက်ကျွက် မြေအက်ဘနန်း ဝမ်းမြောက်ဝမ်းသာ ရယ်မောတော်မူကြလျက်၊ "မောင်ရှင်ဥတ္တမသည် ၁၅ နှစ်သား သာမဏေပင်ဖြစ်လင့်ကစား ဉာဏ်သွားကြီးကျယ် စာရေးလည်၍ အရွယ်နှင့်မလိုက် သဒ္ဒါ၌ မြင်ပေသည်။"ဟု သာဓုအနုမောဒနာ ခေါ်တော်မူကြကုန်၏။

ထိုအခါ ကထိန်ခင်းအံ့သောကိစ္စ၌ အချိန်လင့်မည်ကို စိုးသောကြောင့် ကထိနကမ္မပုစ္ဆာ ဝိသဇ္ဇနာ ပြုတော်မူကြကုန်သတည်း။

ဤသို့ ကထိန်ခင်းခြင်းကိစ္စ ပြီးလတ်သော် သံဃာတော်တို့၏ အစည်း အဝေးမပျက်မီ မောင်ရှင်ဥတ္တမကို ခေါ်တော်မူကြပြန်၍၊



mgyoe.com

mgyoe.com


"မောင်ရှင်ဥတ္တမ။ သင်၏ အဋ္ဌကထာသွားကို ကြားရပေပြီ။ မောင်ရှင်ရေးသော အဋ္ဌကထာသွားကို မောင်ရှင်ပင် ဋီကာသွားဖြင့် ဖွင့်၍ ပြနိုင်ပါဦးမည်လော။"ဟု မိန့်တော်မူကြပြန်ရာတွင် မောင်ရှင်ဥတ္တမက ထိတ်လန့်မသီ တည်ကြည်ရဲဝံ့သောမျက်နှာဖြင့် "ဆရာတော်ဘုရားများ ကြည့်လိုပါလျှင် အမိန့်တော်အတိုင်း ဖွင့်၍ ပြနိုင်ပါကြောင်း။" ဟု လျှောက်ထားသည်တွင်၊ ယခင်ရေးသော သင်ပုန်းတွင်ပင် စာမရှိသောဘက်ကို လှန်၍၊ ဋီကာသွား ဖွင့်၍ ရေးရန် ခိုင်းကြပြန်၏။

ထိုအခါ မောင်ရှင်ဥတ္တမသည် အရှင်သီလာစာရ ဆရာတော်ဘုရားကြီးကိုလည်းကောင်း၊ အစည်းအဝေးရှိ ဆရာတော် သံဃာတော်တို့ကိုလည်းကောင်း မိမိရေးသားလတ္တံ့သော သင်ပုန်းကိုလည်းကောင်း ရှိခိုးဦးညွတ်နှိမ် ၃ ကြိမ်စီချပြီးလျှင် ယခင်ရေးသားသော အဋ္ဌကထာသွားကို ကြည့်၍ ဋီကာသွားဖြင့် အကျယ်တဝင့် ဖွင့်ပြစီကုံးတော်မူပြန်သော စာကား-

"ကုတ္တိတိဗ္ဗေ ကုစ္ဆတိ ကုစ္ဆိယတီတိ ဝါ ကုတ္တိ။ ကုသု ကုစ္ဆာယံ၊ ကုသာတ္တိ တိသုတ္တေနတ္တိ ပစ္စယော။ ကုပေန သာမညဘူတာ ဗဟူ ကုတ္တိယော အဂ္ဂဟေတွာ သုဒ္ဓေါဒနဿ မဟာရာဇဿ အဂ္ဂမဟေသီ ဗုဒ္ဓမာတာ အဓိပ္ပေတာ၊ တေနာဟ ကုတ္တိတိ ။ပ။ ဒေဝီတိ။ ဗီဇန္တိ နာနာရုက္ခာဒီနံ ဗီဇံ အဂ္ဂဟေတွာ ဝိဇာယန္တဿ ဗောဓိသတ္တဿ မာတုကုစ္ဆိသယနံ ပဋိသန္ဓိ ဗီဇသင်္ခါတံ ဒါရကံ သန္ဓာယ ဗုဒ္ဓဗီဇကုံရန္တိ အဋ္ဌကထာယံ အတ္တော ဝဏ္ဏိတောဝ၊ တသ္မာ သဒ္ဒနယေန ပစ္စယေတိ ဝိနာ ဇာယတီတိ ဗီဇန္တိ ဝိဂ္ဂဟော ကာတဗ္ဗော။ ဗ္ဗေပန ဝိကာရော ဝိရဟတ္တ ဓောတကော ဝိကာရံ ဗိကာရံ ကတွာ ဒီဃဥ ကတွာ ဗီဇန္တိ ဝုတ္တော။ သေသံ ဥတ္တာ နမေဝ။ ။ ဤကား ဋီကာပါဠိ ဖြစ်ပါသည်ဘုရား။

"ဤဋီကာပါဠိအထွက်ကို မြန်မာပြန်ဆိုပါဦးအံ့။ ။ကုတ္တိတိ ဗ္ဗေ၊ ကုတ္တိ ဟူသော ဤပုဒ်၌။ ကုစ္ဆတိ၊ ဝတ္ထုကာမ ကိလေသာကာမဟူသမျှကို အလိုရှိတတ် ၏။ ဝါ၊ တစ်နည်းကား။ ကုစ္ဆိယတိ၊ ကာမဂုဏ်၌ အာရုံတွယ်တာ ယောက်ျား တကာတို့သည် အလိုရှိအပ်၏။ ကုတိ၊ ထို့ကြောင့်။ ကုတ္တိ၊ 'ကုတ္တိ'


mgyoe.com

မည်၏။ ဣလသု၊ ဣလသုဓာတ်သည်။ ဣစ္ဆာယံ၊ လိုချင်ခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဣလသာတ္တိတိ သုတ္တေန၊ ဣလသာတ္တိ ဟူသောသုတ်ဖြင့်။ တ္တိပစ္စယော၊ တ္တိပစ္စည်းသည်။ ယောတိ၊ ဖြစ်၏။ ဣလဝေန၊ ဤအရာ၌ကား။ သာမညဘူတာ၊ သာမညဖြစ်ကုန်သော။ ဗဟူ၊ များစွာကုန်သော။ ဣလတ္တိယော၊ မိန်းမတို့ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ သုဒ္ဓေါဒနဿ၊ စင်ကြယ်သောပွဲတော်ထမင်း ရှိသော။ မဟာရာဇဿ၊ မြတ်သောမင်းကြီး၏။ အဂ္ဂမဟေသီ၊ မိဖုရားကြီးဖြစ်သော။ ဗုဒ္ဓမာတာ၊ သစ္စာ ၄ ပါး မြတ်တရားကို ပိုင်းခြားထင်ထင် ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင်သိတော်မူသော မြတ်စွာဘုရား၏မယ်တော်ကို။ အဓိပ္ပေတာ၊ အလို ရှိအပ်၏။ တေန၊ ထို့ကြောင့်။ ဣလတ္တိတိ ။ပ။ ဒေဝီတိ၊ ဒေဝီဟူ၍။ အာဟ၊ ဆို၏။

"ဗီဇန္တိ၊ ဗီဇံ-ဟူသည်ကား။ နာနာရုက္ခာဒီနံ၊ အထူးထူးသော သစ်ပင် စသည်တို့၏။ ဗီဇံ၊ မျိုးစေ့ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ဝိဇာယန္တဿ၊ ဖွားလတ္တံ့ သော။ ဗောဓိသတ္တဿ၊ ဘုရားလောင်း၏။ မာတုကုစ္ဆိသယံနံ၊ အမိဝမ်း၌ ကိန်းဆဲ ဖြစ်သော။ ပဋိသန္ဓိဗီဇသင်္ခါတံ၊ ပဋိသန္ဓေမျိုးစေ့ ဟုဆိုအပ်သော။ ဒါရကံ၊ သတို့ သားငယ်ကို။ သန္ဓာယ၊ ရည်၍။ ဗုဒ္ဓဗီဇင်္ကုရံ သိဒ္ဓတ္ထရာဇ ကုမာရံအဟံ ကာယ ဝစီမနောသင်္ခါ တေဟိ တီဟိဒွါရေဟိ ဝန္ဒာမိတိ၊ ဝန္ဒာမိဟူ၍။ အဒ္ဓကထာယံ၊ အထက်က ပြဆိုခဲ့ပြီးသော ကြိမ်ဒဏ်လွတ်အဋ္ဌကထာ၌။ အတ္ထော၊ အနက်ကို။ ဝဏ္ဏိတောဝ၊ ချီးမွမ်းအပ်သည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ သဒ္ဒနယေန၊ သဒ္ဒါနည်းဖြင့်။ ပစ္စယေတိ၊ အကြောင်းတို့မှ။ ဝိနာ၊ ကင်း၍။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဗီဇံ၊ 'ဗီဇ' မည်၏။ ဣတိ၊ ဤသို့၊ ဝိဂ္ဂဟော၊ ဝိဂြိုဟ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။

"ဓတ္တပန၊ ဤပုဒ်၌ကား။ ဝိကာရော၊ ဝိအက္ခရာသည်။ ဝိရဟတ္ထ ဇောတကော၊ မရှိသောအနက်ကို ထွန်းပြတတ်၏။ တစ်နည်းကား- ဝိရဟတ္ထ ဇောတကော၊ ကိလေသာတို့မှ ကင်းခြင်းအနက်ကို ပြုတတ်၏။ ဝိကာရံ၊ ဝိအက္ခရာ ကို။ ဗိကာရံကတွာ၊ ဗိအက္ခရာပြု၍။ ဒီဃဋ္ဌကတွာ၊ ဣကိုလည်း ဤဒီဃပြု၍။



mgyoe.com

mgyoe.com

ဗိဇန္တိ၊ ဗိဇံဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။ သေသံ၊ ကြွင်းသောအဟံဝန္ဒာမိ ဟူသော ပုဒ်သည်။ ဥတ္တာနမေဝ၊ သိသာပေါ်လွင်သည်သာလျှင်တည်း။ ။ ဤသည်လျှင် ဋီကာအနက်ပြီး၏။

"ဘုရားတပည့်တော် မောင်ရှင်ဥတ္တမ လျှောက်လိုက်ပါသည်ဘုရား။ ယခု ရေးသားရသော အဌကထာဖွင့်, ဋီကာဖွင့် စကားတို့၌ သဒ္ဒါနေ-သဒ္ဒါသွား, ဝုတ္တ*ကတ္တား, အဝုတ္တကတ္တားမျှသာ ဆင်ခြင်၍ အလျှင်အမြန်ရေးရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စုဏ္ဏိယပင် ဖြစ်သော်လည်း လိင်,ဝုစ်,ဂိုဏ်း စသည်ကို စဉ်ခြင်း၊ ဆန်းကို ရွေးချယ်ခြင်း၊ အလင်္ကာဒေါသ ဟူသမျှကို ကင်းရှင်းစေရန် သေသေချာချာရွေးချယ်စိစစ်၍ အလေးဂရုပြုပြီးလျှင် ရေးသားလိုက်ရခြင်း မဟုတ်ပါသောကြောင့် အရှင်ဆရာတော်ဘုရားများ ခိုင်းတော်မူကြခြင်းကိုစွ ပြီးစီးရုံမျှသာ ဖြစ်ပါသည်ဘုရား။" ဟူ၍ လျှောက်လွှာနှင့်တကွ မိမိရေးသော ဋီကာဖွင့်သင်ပုန်းကို အစည်းအဝေးတွင်ရှိနေတော်မူကြသည့် ဆရာတော်, သံဃာတော်တို့သို့ ဆက်ကပ်လိုက်ရာ၊ အများသံဃာတော်တို့ ကြားစေခြင်းငှာ ယခင် အဌကထာဖွင့် ရေးစဉ်အခါက ဖတ်လျှောက်ရသော ကျောင်းစာရေးကိုပင် ဖတ်စေရာ၊ စာ၏ အဆုံး၌ပါသော လျှောက်လွှာအရကို လည်းကောင်း, ရေးသားလိုက်သော ဋီကာဖွင့် စကားကို လည်းကောင်း မိမိရေးသားသော အဌကထာကိုပင် 'ကြိမ်ဒဏ်လွတ် အဌကထာ' ဟူ၍ အမည်ပေးခြင်းကို လည်းကောင်း သောင်းသောင်းရတ်မျှ ပြုံးကာ ရယ်ကာချီးမွမ်းလျက် မောင်ရှင်ဥတ္တမကို အပါးသို့ခေါ်တော်မူ၍ အမိန့်ရှိကြ သည်မှာ-

"အိမ်း- သာဓု သာဓု မောင်ရှင်။ ယခုကဲ့သို့သော ၁၅ နှစ်သားအရွယ် ကပင် အဌကထာဖွင့်ဟန်, ဋီကာဖွင့်ဟန်ကို ရိပ်မိရုံမျှမက ကျနသေချာစွာ သိကျွမ်း နားလည်သဖြင့် ပါဠိစီကုံးခြင်း, လိင် ဝုစ် ရွေးခြင်း, ဂိုဏ်း စဉ်ခြင်း, ဆန်း စစ်ခြင်း, အလင်္ကာဒေါသ ရွေးခြင်းကို မပြုလုပ်ရသော်လည်း ရုတ်တရက်ရေးရာ တွင် စာစပ်မပျက်ဘဲ ဤမျှလောက် သဒ္ဒါကို နိုင်နင်းစွာသုံးစွဲတတ်ခြင်းကိုပင်လျှင်

* ဝုတ္တ = ဟောအပ်သည်။

mgyoe.com

mgyoe.com

ဖြည့်ခဲ့ရင်း ပါရမီ ကြီးကျယ်ရင့်မာလှသူတစ်ယောက် ဖြစ်ချေသည်။" ဟူ၍ အမိန့်ရှိသူကလည်း ရှိတော်မူကြသည်။

အချို့သော ပုဂ္ဂိုလ်တို့ကလည်း "မောင်ရှင်ဥတ္တမ။ သင်သည် သာသနာတော်ထမ်း ရဟန်းပြုမည်လော၊ သို့မဟုတ် လူထွက်ဦးမည်လော။"ဟု မေးသော ပုဂ္ဂိုလ်ကလည်း မေးတော်မူကြသည်။ ထိုအခါ မောင်ရှင်ဥတ္တမက လျှောက်သည်မှာ "တပည့်တော်သည် မိဘ ၂ ပါးတို့၏ထံ၌လည်းကောင်း, ဥပဇ္ဈာယ်ကျေးဇူးရှင် ဆရာတော်ဘုရား၏အထံတော်၌လည်းကောင်း, မြတ်စွာဘုရား၏ အထံတော်၌လည်းကောင်း သာမဏေပြုသည့်နေ့ကစပြီးလျှင် 'ဤဘဝတွင် အသက်ထက်ဆုံး လူ၏ဘောင် မလှည့်မူ၍ စင်ဖြူသောသီလကို မညစ်နွမ်းစေဘဲ သာသနာတော်ထမ်း ရဟန်းအဖြစ်ဖြင့်သာ ကာလကုန်စေမည်။' ဟု ဝန်ခံပြီးဖြစ်ပါကြောင်း။" ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ များစွာကုန်သော ဆရာတော်, သံဃာတော်တို့က "မောင်ရှင်ဥတ္တမ။ သင် ရဟန်းပြုမည်ဆိုလျှင် ရှေ့သို့ ၅ နှစ် လိုသေးသည်။ ဤသို့ ရဟန်းမပြုမီ ၅ နှစ်၌ပင်လျှင် ပရိယတ္တိ ဝိသာရဒ ပိဋကတ္တယဆောက ဂန္ထပါရဂူ သီဟတစ်ဆူ ဟူဟူစလောက် ဟောက်နိုင်ကြားနိုင်မည့်သူတစ်ယောက် ဖြစ်တော့မည်ကား စင်စစ်၊ ဤသို့ ကြည်ညိုဖွယ်လစ် မှန်သူဖြစ်သောကြောင့် မဆုတ်နစ်သော လုံ့လ, မပျက်ကွက်သော ဝီရိယဖြင့် စာပို့ချခြင်း, ကြည့်ရှုခြင်း, သင်အံ လေ့ကျက် အာဂုံတက်စေခြင်းအမှုများကို အားမလျှော့ဘဲ ကြိုးစားပါ မောင်ရှင်ဥတ္တမ။"ဟူ၍ အမိန့်ရှိသူကလည်း အမိန့်ရှိကြသည်။

အချို့သော ပုဂ္ဂိုလ်တို့ကလည်း "မောင်ရှင်ဥတ္တမ။ သင်၏ဉာဏ်ကို ငါတို့ ပူဇော်ပါ၏။"ဆို၍ ဝမ်းမြောက်ဝမ်းသာ ကထိန်ပွဲမှာရသော ထီး, ဖိနပ်၊ အချို့သော ပုဂ္ဂိုလ်တို့ကလည်း သင်းပိုင်၊ အချို့သောပုဂ္ဂိုလ်တို့က ကေသီ စသည်တို့ကို ချီးမြှင့်လှူဒါန်း ပေးကမ်းကြကုန်၏။ ဤသို့ အသီးသီးအဝဝ ဉာဏ်ပူဇော်ကြသော ဝတ္ထုပစ္စည်းတို့ကို မောင်ရှင်ဥတ္တမ၌ ရလိုက်သည်ကား လှည်းတစ်စီးတိုက်ခန့် ပမာဏ ရှိသောဟူ၏။


mgyoe.com

mgyoe.com


ထိုသို့သော ပွဲကြီးပွဲကောင်းတို့၌ တိပေဟတုက ဓာနည်ပိပိ မများဖြစ်တော်မူကြသော ရှေးဘုရားလောင်းတို့ကဲ့သို့ ရဲဝံ့တည်တံ့ မကြောက်ရွံ့သော သူရသတ္တိဗျတ္တိဉာပက*ဂုဏ်နှင့် ပြည့်စုံလုံလောက်သော အသက်အရွယ် ၁၅ နှစ်မြောက်ဖြစ်သူ မောင်ရှင်ဥတ္တမသည် အသက် ၂၀ မပြည့်မီအတွင်း၌ သင်ခြင်း, အံခြင်း, ပို့ချခြင်း စသောအမှုတို့ကို ပြုသည်မှာ သင်ရိုးဖြစ်သော ပရိယတ်ဂန္ထာရကို အစအဆုံး ပေါက်မြောက်ခြင်းကား ၃ ခေါက်ပြန်သော ဟူ၏။ ထိုမှတစ်ပါးလည်း ပိဋကတ် ဗေဒင် သင်အပ်သော အမှုဟူက အဏုမြူလောက်မျှမကျန် အပြန်အလှန်ကြည့်ရှု၍ သိမှုနှင့် နေ့ကုန်စေသည်ကား ၃ ပုံသတ်မှတ် ပိဋကတ်ကို ပတ်ပတ်မွှေနှောက် ၂ ခေါက်ပေါက်၏ ဟူသတည်း။

အရှင်ဥတ္တမ ရဟန်းဘဝသို့ ရောက်သည်ကို ပြဆိုခြင်း

ထို့နောက် မြတ်စွာဘုရား သာသနာတော်နှစ် ၂၀၁၇ ခု- ကောဇာသက္ကရာဇ် ၈၃၅ ခု၊ မိုးညှင်းဖြို့ အတို သက္ကရာဇ် ၃၇ ခု 'ပြည်စုန်မင်း'ဟု ခေါ်ဝေါ်သမုတ်ကြသော ဘုရင်မဟာသီဟသူရမင်းကြီး ရွှေနန်းတက်ပြီး ၅ နှစ်တွင် မောင်ရှင်ဥတ္တမသည် ပရိပုဏ္ဏဝီသတိ ဝဿော ဟူသော ပါဠိနှင့်အညီ အသက် ၂၀ ပြည့်ဖြိုးကြွယ်သည်ဖြစ်၍ ဥ_တ္တိစတုတ္ထ ဥပသမ္ပကံဆောင်သောနေ့ကား- ဘုရင်မဟာသီဟသူရမင်းကြီး ပြည်မြို့၌ဖြစ်ပွားသော အရေးတော်ကို အောင်မြင်တော်မူသောကြောင့် ရတနာပူရ ရွှေအင်းဝသို့ ဆန်တက်ပြန်လာရာ ရွှေနန်းတော်သို့ရောက်၍ မိဖုရား ၂ ပါး ဆံတော်တို့ကို တံမြက်ကျစ်စေပြီးလျှင် အရိုးကို နဝရတ် ၉ ပါးစီ၍ သိန်းဃိုင်ဠုကျွန်းရှိ စွယ်တော်မြတ်မှာ တံမြက်တလင်း သုတ်သင်စေခြင်းငှာ ရာဇဗလဟူသောအမတ်ကို အလှူတော်နှင့် သိန်းဃိုင်ဠုကျွန်းသို့ စေလွှတ်တော်သူသည့်နေ့နှင့် တစ်နေ့တည်း ဝတ္ထု, သိမ်, ဉတ်, ကာရက, ကမ္မဝါ အင်္ဂါ ၅ ပါးစုံသောအားဖြင့် မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်သတည်း။

---

* ဉာပက = သိစေတတ်သည်။

mgyoe.com